၂၀၁၆

# လူသားချင်းစာနာမှုဆိုင်ရာ
# တုံ့ပြန်ရေး စီမံကိန်း

ဇန်နဝါရီလ-ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်

ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများ / မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်း / ဒီဇင်ဘာ ၂၀၁၅

Photo: UNICEF Myanmar



မြန်မာနိုင်ငံ

| စုစုပေါင်း လူဦးရေ | ပဋိပက္ခဒေသတွင် နေထိုင်သူများ | အကူအညီ လိုအပ်နေသူများ (ရေဘေးဒဏ်သင့်သူ ၄၆၀,၀၀၀ ကျော် အပါအဝင်) | ဦးတည်ထားသူများ (ရေဘေးဒဏ်သင့်သူ ၄၆၀,၀၀၀ ကျော် အပါအဝင်) | လိုအပ်ချက်များ (US$) |
|---|---|---|---|---|
| ၅၁.၄သန်း | ၈.၅သန်း | ၁,၀၂၀,၀၀၀ | ၁,၀၂၀,၀၀၀ | ၁၉၀သန်း |



# မာတိကာ

## အပိုင်း ၁ - နိုင်ငံအဆင့် မဟာဗျူဟာ


လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး၏ အဖွင့်စကား ၀၄

လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းအကြောင်း တစေ့တစောင်း ၀၅

အခြေအနေခြုံငုံသုံးသပ်မှု ၀၆

မဟာဗျူဟာ ရည်မှန်းချက်များ ၁၁

တုံ့ပြန်ရေးမဟာဗျူဟာ ၁၂

လုပ်ငန်းဆောင်ရွက်မှုစွမ်းရည် ၁၅

လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့် ၁၆

တုံ့ပြန်မှု စောင့်ကြည့်လေ့လာခြင်း ၁၇

အကူအညီလိုအပ်ချက်၊ ဦးတည်ချက်နှင့် ရန်ပုံငွေလိုအပ်ချက်အနှစ်ချုပ် ၁၈


## အပိုင်း ၂ - လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တုံ့ပြန်ရေး စီမံကိန်းများ


ကဏ္ဍအလိုက်တုံ့ပြန်ရေးစီမံကိန်းများ ၁၉-၃၅

လျှူဒါန်းရေးလမ်းညွှန် ၃၆


## အပိုင်း ၃ - နောက်ဆက်တွဲများ


ရည်မှန်းချက်များ၊ ညွှန်ကိန်းများနှင့် ဦးတည်ချက်များ ၃၇

စီမံကိန်းဆိုင်ရာ ကိန်းဂဏန်းများ - အကူအညီလိုအပ်သူများနှင့် ဦးတည်ထားသူများ ၄၃-၄၄

**အဖွင့်စကား**

# လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး

အလွန်အရေးပါသော နိုဝင်ဘာ ၂၀၁၅ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးတွင် ကဏ္ဍသစ်တစ်ရပ်အတွက် အစဖြစ်ပေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အောက်တိုဘာ ၂၀၁၅ က အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ကြား လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ ရလာဒ်အဖြစ် နိုင်ငံရေးဆွေးနွေးမှုစတင်လာခြင်းနှင့်အတူ အရေးကြီးသော အဆင့်သို့ ရောက်နေပြီဖြစ်သည်။ တိုင်းပြည်၏ ဒီမိုကရေစီအသွင်ပြောင်းလဲမှု၊ နိုင်ငံရေး၊ စီးပွားရေးပြောင်းလဲမှုများ ဆက်လက်အကောင်အထည်ပေါ်လာသည်နှင့်အတူ လူသားချင်းစာနာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအသိုင်းအဝိုင်းအနေဖြင့်လည်း လျှင်မြန်စွာ ပြောင်းလဲလာနေသော အခြေအနေနှင့်အညီ ၎င်းတို့၏ မဟာဗျူဟာများနှင့် လုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရန် အသင့်ဖြစ်နေရပေမည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် လူ နှစ်သိန်းခွဲခန့် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်ပြီး ပဋိပက္ခများ၊ လွတ်လပ်စွာသွားလာမှုကန့်သတ်ချက်များကြောင့် အမျိုးသမီး၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ၊ လူငယ်နှင့် သက်ကြီးရွယ်အိုများ ထိခိုက်လွယ်ခြင်းတို့နှင့်အတူ ကြီးမားသော စိန်ခေါ်မှုများစွာ ရှိနေဦးမည်မှာ ထင်ရှားပေသည်။ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အပျက်အစီးများသည့် ရေကြီးမှုများက မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးထိခိုက်လွယ်မှုကို သတိပေးနေပြီး သဘာဝဘေးလျော့ပါးရေးကို ပိုမိုအားကောင်းစေရန်၊ ရပ်ရွာလူထုများ၏ ဒဏ်ခံနိုင်ရည်ကို အားကောင်းစေရန်၊ အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်တုံ့ပြန်ရာတွင် အထောက်အကူပေးရန်တို့ကို ဦးစားပေး ဆောင်ရွက်ရပေမည်။

လူသားချင်းစာနာမှု အထောက်အပံ့လိုအပ်သော်လည်း လူသားချင်းစာနာမှု အကူအညီတစ်ခုတည်းဖြင့် မလုံလောက်ပေ။ရေရှည်ဖြစ်ပွားသော ပဋိပက္ခများတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် လူ့အခွင့်အရေးကိစ္စများ၊ လူသားချင်းစာနာမှု လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည့် ချဉ်းကပ်မှုမျိုးလိုအပ်ကာ ထိုချဉ်းကပ်မှုများကြား ဟန်ချက်ညီစေရန်လည်း လိုအပ်သည်။ ပဋိပက္ခအကြောင်းရင်းများကို ဖြေရှင်းရန်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများ ရှာဖွေပေးရန်၊ လူသားချင်းစာနာမှုအကူအညီအပေါ် ရေရှည်မှီခိုမှုကို ရှောင်ကျဉ်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအားကူညီပေးရန် ခိုင်မာသော နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ပိုမိုပြည့်စုံသော နိုင်ငံတကာ တုံ့ပြန်မှုတစ်ရပ်ဆောင်ရွက်ရန်မှာ တိုင်းပြည်အဆင့်တွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အဓိကလက်ရှိလုပ်ငန်းတစ်ခုဖြစ်သည်။

၂၀၁၆ လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းသည် ပြည်သူများအား ကာကွယ်စောင့်ရှောက်မှုပေးရန်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူပြုရန်၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးရန် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့များ၏ ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၁၅ စီမံကိန်းကို အနည်းငယ်ပြင်ဆင်မွမ်းမံထားခြင်းဖြစ်သည်။ နိုဝင်ဘာ ၂၀၁၅ က နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့က ဆောင်ရွက်ခဲ့သော လူသားချင်းစာနာမှုလိုအပ်ချက် ချိုင့်လေ့လာခြင်းအပေါ် အခြေခံသည်။ ပိုမိုပြည့်စုံသော လူသားချင်းစာနာမှုလိုအပ်ချက်နှင့် ချဉ်းကပ်ပုံများ လေ့လာသုံးသပ်မှုကို ၂၀၁၆ ခုနှစ် အစိုးရ အသစ်ဖွဲ့စည်းသည့်အခါ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရေနာတား ဒက်ဆလီယန်**

**ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး**

# လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းအကြောင်း

# တစေ့တစောင်း

**မဟာဗျူဟာ ရည်မှန်းချက် ၁**

အသက်ကယ် လို အပ်ချက်များဖြည့် ဆည်းပေးခြင်း

**မဟာဗျူဟာ ရည်မှန်းချက် ၂**

အခြေခံဝန်ဆောင်မှု များနှင့် အသက်မွေး ဝမ်းကျောင်းအခွင့် အလမ်းများကို လက်လှမ်းမီစေခြင်း

**မဟာဗျူဟာ ရည်မှန်းချက် ၃**

အစောပိုင်းကာလပြန် လည်ထူထောင်ရေး နှင့် ရေရှည် ပြေလည် စေမည့်နည်းလမ်းများ

**အကူအညီလိုအပ်နေသူများ**

၁,၀၂၀,၀၀၀

ရေဘေးသင့်သူ ၄၆၀,၀၀၀ အပါအဝင်

**ဦးတည်သူများ**

၁,၀၂၀,၀၀၀

ရေဘေးသင့်သူ ၄၆၀,၀၀၀ အပါအဝင်

**ရန်ပုံငွေ လိုအပ်ချက် (ကန်ဒေါ်လာ)**

၁၉၀ သန်း

**လုပ်ငန်းဆောင်ရွက်မှုအခြေအနေ - အဖွဲ့အစည်းအရေအတွက်**

59




**လူသားချင်းစာနာမှု အကူအညီလိုအပ်သူများ**

၁,၀၂၀,၀၀

ရေဘေးသင့်သူ ၄၆၀,၀၀၀ အပါအဝင်




**နေရပ်စွန့်ခွာတိမ်းရှောင်သူ**

၂၄၀,၀၀၀



**ရပ်ရွာခံ မိသားစုများ**

၁၂၀,၀၀၀



**ပဋိပက္ခဒဏ်သင့်သူ/နေရပ်မစွန့်သူ**

၁၉၂,၀၀၀




**ရေဘေးသင့်သူ**

၄၆၀,၀၀၀



**၂၀၁၆ ခုနှစ်အတွက် အရေးပါသော အဖြစ်အပျက်များ အချိန်ပြမျဉ်း**



**အခြေအနေ**

# ခြုံငုံသုံးသပ်မှု

နှစ်အစိတ်ခန့်အတွင်း ပထမဆုံး လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရသော ရွေးကောက်ပွဲနှင့် အောက်တိုဘာ ၂၀၁၅ တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် တစ်တိုင်းပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ခြင်းတို့အပြီးနောက် မြန်မာနိုင်ငံတွင် အရေးပါသော ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုအခြေအနေမှာလည်း သဘာဝဘေး၊ လက်နက်ကိုင် ပဋိပက္ခ၊ လူမှုအသိုင်းအဝိုင်းများကြား တင်းမာမှု၊ နိုင်ငံမဲ့မှု၊ လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှုများကြောင့် ထိခိုက်လွယ်မှုတို့ ရောထွေးနေသည်။ တိုင်းပြည်တွင်း လူ ၂၄၀,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်သည်။

## ရခိုင်ပြည်နယ်

၂၀၁၂ ခုနှစ် လူထုအသိုင်းအဝိုင်းအကြား အကြမ်းဖက်မှုစတင်ကတည်းက နေရပ်စွန့်ခွာတိမ်းရှောင်နေရပြီး လူသားချင်းစာနာမှုအကူအညီလိုအပ်ဆဲ လူထုအရေအတွက် ခန့်မှန်းချေမှာ ၂၀၁၅ အောက်တိုဘာတွင် ၁၄၃,၈၀၀ ရှိသည်။ ထို့ပြင် လူသားချင်းစာနာမှုအကူအညီလိုအပ်သူ ခန့်မှန်းချေ ၃၃၃,၉၀၀ ရှိသည်။ ထို့အတွက် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီလိုအပ်သူ စုစုပေါင်း ၄၇၇,၇၀၀ ရှိသည် (အကူအညီလိုအပ်သူ လူဦးရေဇယားကို ကြည့်ပါ)။ လူသားချင်းစာနာမှုအဖွဲ့များသည် ပဋိပက္ခဂရုပြုနည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ပြီး ဤကိန်းဂဏန်းများသည် လူထုအသိုင်းအဝိုင်းအားလုံးရှိ အထွေရာယ်ကျရောက်လွယ်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတစ်ခုဖြစ်ပြီး ဘာသာလူမျိုးပေါင်းစုံနေထိုင်ကြသည်။ "မြန်မာ - အပြောင်းအလဲကာလအတွင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့်  အဆုံးတိုင်စေခြင်းနှင့် သာယာဝပြောမှု တိုးပွားစေရေး" ဟု အမည်ရသော ကမ္ဘာ့ဘဏ် (World Bank) ၏ နိုဝင်ဘာ ၂၀၁၄ အစီရင်ခံစာအရ ရခိုင်ပြည်နယ်သည် (တစ်နိုင်ငံလုံး ၃၇.၅ ရာခိုင်နှုန်းရှိရာတွင် ၇၈ ရာခိုင်နှုန်းဖြင့်) တိုင်းပြည်တွင်း ဆင်းရဲနွမ်းပါးမှုနှုန်းအမြင့်ဆုံး ဖြစ်သည်။

ထိုအခြေအနေကို ပိုမိုဆိုးဝါးစေသည့်အချက်မှာ ရခိုင်ပြည်နယ်သည် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ရေကြီးမှုများအနက် အဆိုးဝါးဆုံးထိခိုက်ခဲ့သည့် နေရာတစ်ခုဖြစ်သည်။ ကောက်ပဲသီးနှံများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးမှုဒဏ်ကို လူထုအသိုင်းအဝိုင်းများအနေဖြင့် ၂၀၁၆ အတွင်း ခံစားရပေမည်။

ရခိုင်ပြည်နယ်ရှိ လူထုအသိုင်းအဝိုင်းကြား တင်းမာမှုများသည် သမိုင်းတလျှောက် သွင်ပြင်လက္ခဏာနှင့် လူမျိုးရေးဆိုင်ရာ တင်းမာမှုနှင့် ပြဿနာများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းတို့ကို ရေရှည်ဆင်းရဲနွမ်းပါးမှု၊ စီးပွားရေးရင်းမြစ် နည်းပါးမှု၊ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်းများ၊ စာရွက်စာတမ်းမရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့က ပိုမို ဆိုးဝါးစေသည်။

လွန်ခဲ့သည့် တစ်နှစ်ကနှင့်စာလျှင် အသိုင်းအဝိုင်းများကြား ကူးသန်းရောင်းဝယ်မှုနှင့် အပြန်အလှန်ဆက်ဆံမှုတို့ တိုးတက်လာသော်လည်း ၂၀၁၂ အကြမ်းဖက်မှုမတိုင်မီကထက် အလွန်နည်းပါးသေးသည်။ တစ်ချိန်တည်းတွင် ခွဲခြားနေထိုင်ခြင်းက လူထုအသိုင်းအဝိုင်းကြား လက်ရှိနှင့် အနာဂတ် ဆက်ဆံရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့အပေါ် ဆိုးဝါးသည့် သက်ရောက်မှု ရှိလာနိုင်စေသည်။

အခြေအနေမှာ မိမိတို့ကိုယ်ကို "ရိုဟင်ဂျာ" ဟု ခေါ်ပြီး အစိုးရက "ဘင်ဂါလီ" ဟု ရည်ညွှန်းကာ နိုင်ငံသားဖြစ်မှုအခြေအနေ မရေရာသော မွတ်စ်လင်မ် တစ်သန်းကျော်အတွက် အလွန်ဆိုးဝါးသည်။ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၉၅ ရာခိုင်နှုန်းမှာ ဤအုပ်စုအတွင်း ပါဝင်သည်။ ၎င်းတို့သည် လွတ်လပ်စွာလှုပ်ရှားသွားလာမှုကို ကန့်သတ်ခံရခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ ပညာရေးနှင့် အခြားအခြေခံဝန်ဆောင်မှုများအားလက်လှမ်းမီမှုကို ကန့်သတ်ခံရခြင်းတို့ ခံစားနေရသည်။ ၎င်းတို့အနက် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများအတွက် ယင်းလှုပ်ရှားသွားလာမှုကန့်သတ်ခံရခြင်းများကြောင့် အခြေခံလိုအပ်ချက်များ ပြည့်ဝရေးအတွက် လူသားချင်းစာနာမှုအကူအညီပေါ် လုံးဝနီးပါးမှီခိုနေရသည်။ ထိုအန္တရာယ်ကျရောက်လွယ်

သူများအတွက် ဆက်လက်ကန့်သတ်ခံရခြင်းများကြောင့် လူသားချင်းစာနာမှုအကူအညီအပေါ်မှီခိုရမှုကို ရှောင်ကျဉ်နိုင်မည့် ရေရှည်ရပ်တည်နိုင်မည့် ဖြေရှင်းရန် နည်းလမ်းများရှာဖွေရန် ခက်ခဲစေသည်။

UNHCR ၏ အစီရင်ခံမှုအရ ၂၀၁၄ ခုနှစ်မှစ၍ ဒုက္ခသည်နှင့် ရွှေ့ပြောင်းသွားလာသူ ၉၄,၀၀၀ ခန့်သည် ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများမှ ပင်လယ်ခရီးဖြင့်ထွက်ခွာသွားကြသည်။ လှုပ်ရှားသွားလာမှုကန့်သတ်ခံရခြင်းနှင့် နိုင်ငံသားဖြစ်ခွင့်မရခြင်းတို့ကြောင့် ၎င်းတို့သည် ထိုသို့ ထွက်ခွာရန် မှောင်ခိုကွန်ယက်များကို အားကိုးရပြီး လူကုန်ကူးမှုခံရနိုင်သည့် အန္တရာယ်ရှိသည်။ ဒေသတွင်း တွေ့ဆုံဆွေးနွေးမှုများက ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာမှုများ၏ အခြေခံဇစ်မြစ်ကို ဖြေရှင်းပေးရန် ဆောင်ရွက်ထားသည်။

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူအများစုသည် မြို့နယ် ၁၀ ခုအနှံ့ "တန်းလျားများ" သို့မဟုတ် စုပေါင်းမှီခိုရာနေရာများတွင် နေထိုင်ကြရသည်။ အချို့ယာယီစခန်းများမှာ ၂၀၁၂-၂၀၁၃ တွင် အစိုးရက ထူထောင်ပေးခဲ့သည့် နေရာများဖြစ်ပြီး အခြားစခန်းများမှာ နေရပ်စွန့်ခွာသူများ၏ မူလရပ်ရွာအတွင်း သို့မဟုတ် အနီးဝန်းကျင်တွင် တည်ဆောက်ထားသော တန်းလျားစုများ ဖြစ်သည်။

အထူးသဖြင့် ယာယီအနေဖြင့် ပုံစံထုတ်တည်ဆောက်ထားသော တန်းလျားများတွင် နေထိုင်ရသည့်အလျောက် စခန်းများတွင် လူနေကျပ်သိပ်ခြင်းမှာ ပြဿနာတစ်ခုဖြစ်သည်။ မိုးရာသီတွင် ရေဆိုးထုတ်စနစ်မလုံလောက်ခြင်းကြောင့် အခြေအနေပိုမို ဆိုးဝါးသည်။ တန်းလျားများသည် တတိယမြောက်မိုးရာသီနှင့် ကြုံတွေ့ရတော့မည်ဖြစ်ပြီး အနိမ့်ဆုံးမှီခိုရာနေရာ စံနှုန်းများကို ပြည့်မီရန် အတွက် သိသိသာသာ စောင့်ရှောက်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများလိုအပ်နေသည်။

မတ် ၂၀၁၅ မှစ၍ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား တန်းလျားများမှ ပြောင်းရွှေ့ပြီး မိမိတို့မူလနေရပ်တွင် အခြေချနိုင်ရန် အစိုးရ၏ ဆောင်ရွက်ချက်များက ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်မှုများကို ဖြေရှင်းရာတွင် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ပိုမိုကောင်းမွန်သော လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှုနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှုတို့နှင့်အတူ ယင်းဆောင်ရွက်ချက်က လူသားချင်းစာနာမှုအကူအညီပေါ်မှီခိုရခြင်းကို လျှော့ချပေးရာတွင် အထောက်အကူဖြစ်နိုင်သည်။ ယင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ပိုင်ရှင်ကိုယ်တိုင်တည်ဆောက်ခြင်းဖြင့် ကိုယ်ပိုင်အိမ်ယာများတည်ဆောက်ရန်အထောက်အကူပေးထားသည်။ ပိုမိုနေရပ်ပြန်နိုင်ရေးအတွက် လှုံ့ဆော်မှုများလည်း ဆက်လက်ဆောင်ရွက်နေသည်။ ၂၀၁၅ အကုန်ပိုင်းတွင် ဤပိုင်ရှင်ကိုယ်တိုင်တည်ဆောက်ခြင်းစီမံကိန်းများဖြင့် လူ ၂၀,၀၀၀ မှ ၃၀,၀၀၀ အထိ အကျိုးခံစားရပြီး ယာယီစခန်း (သို့မဟုတ် ယာယီစခန်းကဲ့သို့ အိမ်ယာများ) ၃၀ ခုခန့် ပိတ်နိုင်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်မှုကို အဆုံးသတ်စေနိုင်မည့် အဓိကခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဟု ခန့်မှန်းရသည်။ ၂၀၁၆ နှစ်ဦးပိုင်းတွင် ယာယီစခန်း (သို့မဟုတ် ယာယီစခန်းကဲ့သို့ နေရာများ) ၄၀ ခုခန့် ကျန်ရှိနေပြီး အရေအတွက် ၄၀ ရာခိုင်နှုန်းခန့် ကျန်ရှိသည်။ ဤပိုင်ရှင်ကိုယ်တိုင်တည်ဆောက်ခြင်းစီမံကိန်းများဖြင့်စတင်ထားသော အရှိန်ဖြင့် ရခိုင်ပြည်နယ်အစိုးရက ၂၀၁၆ ခုနှစ် တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူမိသားစု ထောင်နှင့် ချီ၍ အကူအညီပေးရန် စီစဉ်ထားသည်။ ၂၀၁၅ ခုနှစ်နှင့် ပေါင်းပါက နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၄၀,၀၀၀ မှ ၅၀,၀၀၀ ထိ အကျိုးရှိနိုင်ပြီး အခြေအနေကို ပုံမှန်ဖြစ်စေမည့် အခြားလုပ်ငန်းများနှင့် ပေါင်းစည်းလိုက်ပါက ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စုစုပေါင်းအရေအတွက် သုံးပုံတစ်ပုံခန့်ကို လျှော့ချနိုင်ပြီး ရေရှည်ပြေလည်စေမည့် နည်းလမ်းများဆီသို့ လျှောက်လှမ်းရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာပေမည်။ ၂၀၁၆ နှစ်လယ်သုံးသပ်ချက်မှာ ဤ အစိုးရ၏ စီမံကိန်းတိုးတက်မှုကို အကဲဖြတ်လေ့လာရန် အရေးပါသော အချက်တစ်ချက်ဖြစ်ပေမည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် မူလနေရပ်နှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းများသို့ ပြန်ရေးအတွက် အစိုးရဦးဆောင်သော လုပ်ငန်းစဉ်ကို လူမျိုးဘာသာအားလုံးအတွက် ထောက်ပံ့ရန် ဆန္ဒနှင့် စွမ်းရည်ရှိသည်။ထိုသို့မဖြစ်နိုင်ပါက ရွှေ့ပြောင်းနေရာချထားခြင်း သို့မဟုတ် နေရပ် စွန့်ခွာတိမ်းရှောင်သည့်နေရာတွင် အခြေချခြင်းတို့ကို ရှာဖွေဆောင်ရွက်သွားမည်။ ရွှေ့ပြောင်းမှုအားလုံး မိမိဆန္ဒ အလျောက်ဖြစ်ပြီး ဘေးကင်းလုံခြုံကာ သိက္ခာရှိသော နည်းလမ်းဖြစ်ရမည်။ သက်ဆိုင်ရာ နေရပ်စွန့်ခွာတိမ်းရှောင်သူများ ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ဖြစ်စေရမည်။ နေရာများ ရွေးချယ်ရာတွင် လူထုအသိုင်းအဝိုင်း ပြန်လည်ပေါင်းစည်းရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အတွက် လူမှုဘဝသဟဇာတဖြစ်စေရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားရမည်။

မိမိတို့နေရပ်ပြန်ရန် အထောက်အပံ့ပေးထားသော နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် လူသားချင်းစာနာမှုအကူအညီများရပ်တန့်နိုင်ရန် ၎င်းတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပြီး အခြေခံဝန်ဆောင်မှုများကို လုံလောက်စွာ လက်လှမ်းမီစေရေးအတွက် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။ ယင်းနေရာများတွင် လူထု အသိုင်းအဝိုင်းကြား တင်းမာမှုများပြင်းထန်လာခြင်းကို ရှောင်ကျဉ်နိုင်ရန်အတွက် ပဋိပက္ခဂရုပြုသော "အန္တရာယ်မဖြစ်စေရေး" နည်းလမ်းဖြင့် ထိုနေရာများရှိ လူထုအသိုင်းအဝိုင်းအားလုံး၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် လုပ်ငန်းများ ဆောင်ရွက်နေသည်။

နေရပ်ပြန် နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ အခြေအနေကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး ပဋိပက္ခဂရုပြုနည်းလမ်းဖြင့် ကူညီပေးရမည်။ နေရပ်စွန့်ခွာတိမ်းရှောင်မှုကို အဆုံးသတ်ရန် အစိုးရက စတင်ဆောင်ရွက်ထားသော လုပ်ငန်းများသည် လူတို့အား မိမိတို့အခွင့်အရေးများရရှိစေရန်နှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ကန့်သတ်မှုများဖယ်ရှားပေးရန် လုပ်ငန်းများ ပါဝင်ချင်မှ ပါဝင်ပေမည်။ အကျိုးဆက်အားဖြင့် နေရပ်ပြန် သို့မဟုတ် ပြန်လည်နေရာချထားသော သူများအတွက် အုပ်ချုပ်မှုဆိုင်ရာ စာအုပ်စာတမ်းများ၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီမှုစသည့် စိန်ခေါ်မှုများစွာ ရှိနေသည်။ ဤအချက်မှာ နိုင်ငံတကာလုပ်ငန်းအစီအစဉ်တွင် အရေးပါသောအချက်ဖြစ်သည်။

အကြောင်းရင်းများကို ဖြေရှင်းရန် အဆင့်မြင့် သံတမန်လုပ်ငန်းများဖြင့် ထောက်ပံ့၍ ရခိုင်ပြည်နယ်သို့ နိုင်ငံတကာအကူအညီပေးမှုကို ပိုမိုပြည့်စုံသောနည်းလမ်းဖြင့် ပုံပြောင်းရန် လုပ်ငန်းစဉ်တစ်ရပ် စတင်ထားပြီးဖြစ်သည်။ ယင်းမှာ လူသားချင်းစာနာမှုအဖွဲ့များနှင့် လုပ်ငန်းများအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုရှိမည်ဖြစ်ပြီး လူသားချင်းစာနာမှုနယ်ပယ်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတကာအကူအညီ၏ အခြားအပိုင်းများနှင့် ပိုမိုဟန်ချက်ညီစေမည်ဖြစ်သည်။

## ကချင်နှင့် ရှမ်းပြည်နယ်များ

ကချင်နှင့် ရှမ်းမြောက်ရှိ လူ ၉၆,၄၀၀ ခန့်သည် ၂၀၁၁ ခုနှစ်က ပြန်လည်စတင်ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရဆဲဖြစ်သည်။ ခန့်မှန်းခြေ နေရပ်စွန့်ခွာတိမ်းရှောင်သူ တစ်ဝက်ခန့်မှာ ဒေသတွင်းနှင့် ပြည်တွင်း NGO များသာ သွားလာခွင့်ရပြီး နိုင်ငံတကာအဖွဲ့အစည်းအများစု သွားခွင့်မရသော အစိုးရအုပ်ချုပ်မှုနယ်မြေပြင်ပဒေသများတွင် နေထိုင်ကြသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူအများအပြား ပြည်တွင်း NGO များက စီမံခန့်ခွဲသည့်ယာယီစခန်းများတွင် နေထိုင်ကြပြီး အခြားသူများမှာ ရေရှည်အတွက် ပုံစံထုတ်ဆောက်လုပ်ထားခြင်းမဟုတ်သည့် ယာယီနေထိုင်ရာနေရာများရှိ လူနေထူထပ်သော အခြေအနေများတွင် နေထိုင်ရသည်။

တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်ဆဲရေးသဘောတူညီချက်ရရှိရန်ဆောင်ရွက်နေသော်လည်း လက်နက်ကိုင်တိုက်ပွဲများက ကချင်နှင့် ရှမ်းပြည်နယ်များရှိ ပြည်သူများအား ဆက်လက်ထိခိုက်လျှက်ရှိကာ ၂၀၁၅ တွင် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ထပ်မံ ဖြစ်ပွားခဲ့သည်။

ပဋိပက္ခဘေးဒဏ်သင့်သည့် ဒေသများတွင် ပိတ်မိနေသူများထံ လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်ကို ဆက်လက် ပိတ်ပင်ခံထားရဆဲဖြစ်သည်။ အကြိမ်ကြိမ် တောင်းဆိုထားသော်လည်း နိုင်ငံတကာ လူသားချင်းစာနာမှု အဖွဲ့အများစုအတွက် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် နေရာများသို့ လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့် မရရှိသေးပေ။ ပြည်သူနှင့် လက်နက်ကိုင်များအကြား ခွဲခြားမှု၊ ပြည်သူများအား ရောထွေးတိုက်ခိုက်ခံရမှုမှ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်နှင့် လုံခြုံသော သွားလာရေးလမ်းကြောင်းစသည့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမှုများနှင့်ပတ်သက်သည့် အသိပေးလှုံ့ဆော်မှုများကို ၂၀၁၅ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကချင်ပြည်နယ်သည် ရင်းမြစ်များ ပေါကြွယ်ဝသော်လည်း ဆင်းရဲနွမ်းပါးမှုနှုန်းမှာ သာမန်ထက် ပိုမိုမြင့်မားသည် (တစ်တိုင်းပြည်လုံး ပျမ်းမျှ ၂၅.၆ ရာခိုင်နှုန်းရှိသည့်အနက် ကချင်ပြည်နယ်တွင် ၂၈.၆ ရာခိုင်နှုန်း)။ ရှမ်းမြောက်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းပိုမိုမြင့်မားပြီး ၂၀၁၀ မိသားစုနေထိုင်မှုအခြေအနေ စစ်တမ်းအရ လူဦးရေ ၃၇.၄ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ရှိသည်။

နေရပ်စွန့်ခွာတိမ်းရှောင်သူအများစုမှာ မိမိတို့ အသက်မွေးဝမ်းကျောင်းမှုကို ပြန်လည်မဆောင်ရွက်နိုင်ဘဲ အကူအညီပေါ် မှီခိုနေရသည်။ ဥပမာ ပဋိပက္ခဒဏ်သင့်ဒေသများရှိ မြေတွင် စိုက်ပျိုးထွန်ယက်ခြင်းစသည့်အချို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ မြေမြှုပ်မိုင်းအန္တရာယ်နှင့် စစ်ကာလ လက်ကျန်ပေါက်ကွဲပစ္စည်းများ၊ အထွေထွေစစ်ဖက်ဆိုင်ရာလှုပ်ရှားမှုများကြောင့် ဖြစ်လာသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်နေသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများမရှိခြင်းကြောင့် အနှုတ်သဘောဆောင်သော ပြဿနာဖြေရှင်းမှုနည်းလမ်းများနှင့် အန္တရာယ်ရှိသော အလေ့အထများ ဖြစ်လာနိုင်သည်။

ကချင်နှင့် ရှမ်းမြောက်အနှံ့ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား လက်ခံထားရသော ဒေသခံ ၂၀,၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ရေရှည် နေရပ်စွန့်ခွာတိမ်းရှောင်မှုက နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ရင်းမြစ်များကုန်ခမ်းပြီး အကူအညီလိုအပ်နေသည့် ဒေသခံအသိုင်းအဝိုင်းများအပေါ် ဖိအားတစ်ရပ်ဖြစ်လာစေသည်။ အစိုးရအနေဖြင့် ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ အနည်းငယ်အား ရေရှည်ပြေလည်စေမည့် နည်းလမ်းများဖန်တီးပေးရန် (ပလနအခြေချမှုစသည့်) စီမံချက်အသေးစားများအတွက် စီမံကိန်းရေးဆွဲလျှက်ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်း ရုတ်တရက်စီစဉ်သော သို့မဟုတ် စနစ်တကျဆောင်ရွက်သော အသေးစား ပြန်လည်နေရာချထားမှုနှင့် နေရပ်ပြန်ရေးလုပ်ငန်းများ ပိုမိုရှိလာမည်ဟု မျှော်လင့်ရသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ထိုလုပ်ငန်းများမတိုင်မီ စံနှုန်းများနှင့် ကိုက်ညီစေရန်နှင့် လှုပ်ရှားသွားလာမှုများ နေရပ်စွန့်ခွာတိမ်းရှောင်မှုဆိုင်ရာ လမ်းညွှန် အခြေခံမူများ၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့်နည်းလမ်းများဆိုင်ရာ မူဘောင်တို့နှင့် ကိုက်ညီအောင်ဆောင်ရွက်စေရန် အတွက် အစိုးရ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ဆွေးနွေးဆောင်ရွက်လျှက်ရှိသည်။

နေရပ်စွန့်ခွာတိမ်းရှောင်မှု အချိန်ပိုကြာလာသည်နှင့်အမျှ လူသားချင်းစာနာမှုအဖွဲ့များအနေဖြင့် လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြေရှင်းရန် နည်းလမ်းအသစ်များ စဉ်းစားလျှက်ရှိသည်။ ဥပမာအားဖြင့် အချို့အခြေအနေများတွင် ဖြစ်နိုင်ချေပေါ်မူတည်၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)က အစားအစာဖြန့်ဝေမှုမှ ငွေကြေးပေးအပ်မှုပုံစံသို့ ပြောင်းလဲဆောင်ရွက်လျှက်ရှိသည်။ လူသားချင်း စာနာမှု တုံ့ပြန်ရေးတွင် ဗဟိုကျသော ဒေသခံ NGO များအား ပံ့ပိုးမှုနည်းလမ်းအသစ်များကိုလည်း ဆက်လက်ဖော်ထုတ်ရန် လိုအပ်သည်။

ကချင်နှင့် ရှမ်းမြောက်တို့တွင် လိင်နှင့် ကျား/မအခြေပြု အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အတင်းအကြပ်ခိုင်းစေမှု၊ လက်နက်ကိုင်အဖွဲ့များတွင် ကလေးသူငယ်များ ခန့်အပ်အသုံးပြုမှု၊ အတင်းအကြပ်လမ်းညွှန်/အလုပ်သမားအဖြစ်စေခိုင်းမှု၊ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမမီမှု၊ စာရွက်စာတမ်းအထောက်အထားမရှိမှု၊ မြေသိမ်းမှု/မူလနေရာများအား သိမ်းယူမှု၊ လူကုန်ကူးမှု၊ လုပ်အားခေါင်းပုံဖြတ်မှုနှင့် မြေမြှုပ်မိုင်း/ စစ်လက်ကျန် ပေါက်ကွဲပစ္စည်းများအန္တရာယ်စသည့် ဖြစ်ပွားဆဲ ပဋိပက္ခနှင့် ရေရှည် နေရပ်စွန့်ခွာတိမ်းရှောင်မှုနှင့်ပတ်သက်သော ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိုးရိမ်ဖွယ်ရာများရှိသည်။ထို့ပြင် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျောင်းများအား သိမ်းယူအသုံးပြုမှုစသည့် ကလေးသူငယ်များအခွင့်အရေး ဖောက်ဖျက်မှုများ ဆက်လက်ကြားနေရသည်။

ကိုးကန့်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် မြန်မာ့တပ်မတော်နှင့် MNDAA တို့ကြား ဖေဖော်ဝါရီ ၂၀၁၅ တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး လူ ၈၀,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ရကာ အများစုမှာ တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ရှောင်ပြေးခဲ့သည်။ အောက်တိုဘာ ၂၀၁၅ တွင် ကိုးကန့်မှ လူ ၈,၀၀၀ ခန့် တရုတ်နိုင်ငံတွင် ရှိနေဆဲဖြစ်သည်ဟု ခန့်မှန်းရသည်။ အောက်တိုဘာတွင် လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ လူသားချင်းစာနာမှုအဖွဲ့များအား သွားလာခွင့်ပြုထားပြီး ရေရှည်နှင့် လတ်တလော ပြန်လည်ထူထောင်ရေး လိုအပ်ချက်များကို အကဲဖြတ်လေ့လာလျှက်ရှိသည်။

အောက်တိုဘာ ၂၀၁၅ တွင် မြန်မာ့တပ်မတော်နှင့် ရှမ်းမြောက်တပ်မတော် (SSA-N) တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး လူ ၆,၀၀၀ ခန့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ယင်းအနက်အချို့မှာ မိမိတို့နေရပ်ပြန်လာကြသော်လည်း နိုဝင်ဘာအကုန်တွင် ယာယီစခန်းများ၌ လူ ၄,၀၀၀ ခန့် ရှိနေသေးသည်။ လူသားချင်းစာနာမှုအဖွဲ့များသည် ထိုဒေသများတွင် လိုအပ်ချက်များကို အကဲဖြတ်လေ့လာလျှက်ရှိပြီး အရေးပေါ်လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြေရှင်းရန် အကူအညီများ ဆက်လက်ကမ်းလှမ်းသွားမည်။

## မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ခွဲခြားရန် ခက်ခဲသည်။ အောက်တိုဘာ ၂၀၁၅ တွင် ပြည်လုံးကျွတ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီး ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုများ ပိုမိုအားကောင်းလာသည်။ ထိုဒေသများရှိ လူများ၏ လိုအပ်ချက်များအတွက် ဤလူသားချင်း စာနာမှုတုံ့ပြန်ရေးစီမံကိန်းပြင်ပ သီးခြား ရေရှည်ပြေလည်စေမည့် နည်းလမ်းများ မူဘောင်တစ်ရပ်ဖြင့် ဆောင်ရွက်နေသည်။

## သဘာဝဘေးများ

ပဋိပက္ခများ၊ လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများနှင့်ဆက်စပ်သော လူသားချင်းစာနာမှုလိုအပ်ချက်များအပြင် မြန်မာနိုင်ငံသည် အာရှတိုက်ရှိ ဘေးအန္တရာယ်ကျရောက်နိုင်ချေအများဆုံးတိုင်းပြည်တစ်ခုဖြစ်သည်။ ဆိုင်ကလုန်း၊ မုန်တိုင်းများ၊ ရေဘေးများ၊ မြေပြိုမှုများ၊ ငလျင်များ၊ ဆူနာမီများ၊ မိုးခေါင်ရေရှားမှုများ၊ မီးဘေးနှင့် တောမီးစသည့် သဘာဝဘေးများ ကျရောက်လွယ်သည်။ သမိုင်းအချက်အလက်များအရ နှစ်အနည်းငယ်တိုင်း အလယ်အလတ်အဆင့်မှ ကြီးမားသော သဘာဝဘေးများကျရောက်သည်ကို တွေ့ရသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အဆင့် ၄ ဆိုင်ကလုန်းသုံးခု၊ ကြီးမားသော မြေငလျင်များစွာနှင့် ရေဘေးစသည့် သဘာဝဘေးများကြောင့် လူ ၁၃ သန်းကျော် ဘေးဒဏ်သင့်ခဲ့သည်။

ပြည်တွင်းတုံ့ပြန်ရေးစွမ်းရည်ကို ကျော်လွန်သော လူသားချင်းစာနာမှု ပဋိပက္ခ၊ သဘာဝဘေးများကျရောက်နိုင်ချေကို အကဲဖြတ်လေ့လာစာရင်းပြုစုထားသော အန္တရာယ်ကျရောက်နိုင်ချေစီမံခန့်ခွဲရေးညွှန်ကိန်း (INFORM) စာရင်းတွင် နိုင်ငံ ၁၉၁ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၀ ရှိပြီး ၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ပြင်းထန်သော သဘာဝဘေးများကြောင့် အထိခိုက်ဆုံးတိုင်းပြည်များ၏ နိုင်ငံတကာသဘာဝဘေးညွှန်ကိန်းစာရင်းတွင် ဒုတိယအဆင့်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ ဆိုးဝါးသော ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ အစိုးရ ကိန်းဂဏန်းများအရ အိမ် ၃၈,၀၀၀ ကျော် လုံးဝပျက်စီးပြီး ၃၁၅,၀၀၀ ဆိုးဝါးစွာ ထိခိုက်ခဲ့သည်။ စိုက်ပျိုးမြေ ဧက ၁.၄ သန်းကျော် (၅၆၇,၀၀၀ ဟက်တာ) ရေမြုပ်ပြီး ၈၄၁,၀၀၀ ဧက (၃၄၁,၀၀၀ ဟက်တာ) ပျက်စီးခဲ့သည်။ စိုက်ပျိုးသီးနှံများနှင့် စိုက်ပျိုးမြေပျက်စီးမှုကြောင့် မြန်မာနိုင်ငံအနှံ့ ရေရှည် အစားအစာမလုံလောက်မှုအန္တရာယ်မြင့်မားစေပြီး နဂိုကတည်းက အစားအစာမလုံလောက်သူများ၏ အန္တရာယ်ကျရောက်နိုင်မှုကို ပိုမိုမြင့်မားစေသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ FAO နှင့် WFP

တို့ ပူးပေါင်းဆောင်ရွက်သော အောက်တိုဘာ ၂၀၁၅ က စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်း အစားအစာ အကျိုးသက်ရောက်မှု အကဲဖြတ်လေ့လာရေး အစီရင်ခံစာတွင် အခြေအနေပိုမိုမဆိုးဝါးစေရေးအတွက် နောက်ထပ်အကူအညီများ လိုအပ်သည်ဟုတွေ့ရှိရသည်။

ဇူလိုင်-ဩဂုတ် ၂၀၁၅ က ရေဘေးနှင့် မြေပြိုမှုများကြောင့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုရှိ လူ ကိုးသန်းကျော် ဘေးဒဏ်သင့်ကာ ၁၇၂ ဦးသေဆုံးပြီး ၁.၇ သန်း ယာယီနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။

မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံအနှံ့ ရေဘေးနှင့်မြေပြိုမှုတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးဆောင်လျက်ရှိသည်။အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အရေးပေါ်ပြောင်းရွှေ့ရေး၊ ရေဘေးသင့်သူများအား အစားအစာ၊ ရေ၊ ယာယီမှီခိုရာနေရာ၊ ကျန်းမာရေးနှင့် အခြားအသက်ကယ်အကူအညီများပေးအပ်ရေး၊ သန့်ရှင်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦးများ ပြင်ဆင်ရေးနှင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်းကြောင့် ဆိုးဝါးသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည့် လယ်သမားများအတွက် အကူအညီတို့ ပါဝင်သည်။ ဘေးဒဏ်သင့်ဒေသများနှင့် အခြားနေရာများရှိ ဒေသခံလူထုထံမှ ရက်ရောစွာ လှူဒါန်းမှု အများအပြားရှိခဲ့ပြီး အလွန်တက်ကြွသော အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပံ့ပိုးမှုတို့ကလည်း အားဖြည့်ပေးခဲ့သည်။ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်အပြီးအခြေအနေနှင့် ဆန့်ကျင်လျက် အစိုးရက နိုင်ငံတကာအကူအညီကို ကြိုဆိုခဲ့ပြီး ကနဦးကပင် ပူးပေါင်းဆောင်ရွက်ကာ အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးဆိုင်ရာ ပေါင်းစည်းချဉ်းကပ်မှုတစ်ရပ်ဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့က ဩဂုတ်-ဒီဇင်ဘာ ၂၀၁၅ ကာလအတွက် ကနဦး ရေဘေးတုံ့ပြန်ရေး စီမံကိန်းကို ဩဂုတ် ၂၀၁၅ တွင် ထုတ်ဝေခဲ့သည်။ အမေရိကန်ဒေါ်လာ ၆၇ သန်း တောင်းခံထားသည့် ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ရေဘေးတုံ့ပြန်ရေးစီမံကိန်းကို အောက်တိုဘာ ၂၀၁၅ တွင် ထုတ်ဝေခဲ့သည်။ ရေဘေးနှင့် မြေပြိုမှု ဒဏ်ခံခဲ့ရသူများ၏ လိုအပ်ချက်များကို ဖြေရှင်းရန် လူသားချင်းစာနာမှုနှင့် ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅ အောက်တိုဘာ အကုန်တွင် ရေဘေးနှင့်မြေပြိုမှုများကြောင့် ယာယီနေရပ်စွန့်ခွာတိမ်းရှောင်ရသူ ၁.၇ သန်းအနက် ၁၁,၀၀၀ ဦးမှ လွဲ၍ အားလုံး နေရပ်ပြန်ပြီးဖြစ်သည်။ ရေဘေး/မြေပြိုမှုနှင့်ပတ်သက်သော လူသားချင်း စာနာမှုလုပ်ငန်းအများအပြား ၂၀၁၅ ခုနှစ်အကုန်တွင် ပြီးဆုံးခဲ့သော် လည်း လူအချို့ (အထူးသဖြင့် ယာယီစခန်းများတွင် နေရပ်စွန့်ခွာ တိမ်းရှောင်နေရဆဲသူများနှင့် အစားအစာမလုံလောက်မှု ဒဏ်ခံနေရသူများ) ၂၀၁၆ ခုနှစ်တွင် လူသားချင်းစာနာမှု အကူအညီ ဆက်လက်လိုအပ်ပေဦးမည်။ ဥပမာ လာမည့် မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန် စိုက်ပျိုးရေးအကူအညီ (ငွေကြေးဖြစ်စေ၊ ပစ္စည်းဖြစ်စေ) များအား လူတို့ လက်လှမ်းမီစေရန် အရေးကြီးသည်။

**အဓိက ကိစ္စများ**

၁) လက်နက်ကိုင်ပဋိပက္ခများနှင့် ခွဲခြားဆက်ဆံမှုများ တွင် ပြည်သူများအား ကာကွယ်စောင့်ရှောက်ခြင်း

၂) ရေရှည်နေရပ်စွန့်ခွာတိမ်းရှောင်မှု

၃) အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် အကူအညီပေါ်မှီခိုမှု လျှော့ချရေး

၄) သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး

ရေဘေးသည် စိုက်ပျိုးရေးအပေါ်မှီခိုရသော မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဆိုးဝါးစွာသက်ရောက်ပြီး ထပ်ဆင့်အရေးပေါ်အခြေအနေဖြစ်ပွားမှုကို ရှောင်ကျဉ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ချက်များလိုအပ်နေသည်။ ထုတ်ကုန်ဆုံးရှုံးမှုများ မြင့်မားသည်ဟု မျှော်လင့်ရပြီး ကျေးလက်နေပြည်သူများအတွက် အဓိကဝင်ငွေရရှိရေး လုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ ကျဘမ်းလုပ်ငန်းအခွင့်အလမ်းများလျော့နည်းလာသည်။ မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပစ္စည်းကိရိယာများ သဘာဝဘေးအတွင်း ဆုံးရှုံးထားပြီး ဆည်မြောင်းစနစ်များလည်း ပျက်စီးထားသည်။ ရလာဒ်အနေဖြင့် လယ်သမားအများအပြား လာမည့် ဆောင်းနှင့် မိုးကာလ စိုက်ပျိုးရာသီများကို မီနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လာမည့်နှစ်အတွင်း အစားအစာလုံလောက်မှုအခြေအနေ ပိုမိုမဆိုးဝါးစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အလျှင်အမြန်ပြန်လည်စတင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အပံ့များ အချိန်မီပေးအပ်ရေး အဓိကကျသည်။ အစိုးရက ရေဘေးသင့်ဒေသများတွင် အကဲဖြတ်လေ့လာမှုများ ထပ်မံဆောင်ရွက်မည်ဖြစ်ပြီး ဘေးဒဏ်သင့်သူများအတွက် လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေးစီမံကိန်းများ ချဲ့ထွင်ရန် ပြင်ဆင်လျက်ရှိသည်ဟု ဆိုသည်။

၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဒေသအများအပြားအား မိုးလေဝသဆိုးဝါးစေမည်ဟု ခန့်မှန်းထားသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အခြေအနေပိုမိုဆိုးဝါးလာမည်ကို စိုးရိမ်ရသည်။ အယ်လ်နီညိုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွက် သီးခြား ရာသီဥတုဆိုးဝါးမည့် ခန့်မှန်းချက်များရှိသော်လည်း ဒေသတွင်း ရာသီဥတုပြင်းထန်မှုတိုးမြင့်လာခြင်းနှင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်လွယ်မှုတို့က ဤကိစ္စအတွက် စိုးရိမ်ဖွယ်ရာဖြစ်စေပြီး အရေးပေါ်စီမံကိန်းရေးဆွဲရန် လိုအပ်ပေသည်။

## မဟာဗျူဟာမြောက်

# ရည်မှန်းချက်များ

ဤမဟာဗျူဟာ၏ ပန်းတိုင်မှာ ပဋိပက္ခနှင့် သဘာဝဘေးဒဏ်သင့်သူများ၏ အသက်များ၊ ဂုဏ်သိက္ခာနှင့် အဆင်ပြေသာယာမှု တို့ကို ကာကွယ်စောင့်ရှောက်ရေးအတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အစိုးရ နှင့် ဒေသခံအသိုင်းအဝိုင်းများအား အထောက်အပံ့ပေးရန်ဖြစ်သည်။ ဤပန်းတိုင်ကို ရောက်ရှိရန် နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် ၂၀၁၆ ခုနှစ် လူသားချင်းစာနာမှုလုပ်ငန်းများ အတွက် အောက်ပါ မဟာဗျူဟာမြောက် ရည်မှန်းချက်များ အပေါ် သဘောတူညီထားကြသည်။



### ၁ အသက်ကယ်လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း

ပဋိပက္ခ နှင့်/သို့မဟုတ် သဘာဝဘေးဒဏ်သင့်သူများ၏ အသက်ကယ် ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီလိုအပ်ချက်များ ပြည့်ဝစေခြင်း



### ၂ အခြေခံဝန်ဆောင်မှုများနှင့် အသက်မွေး ဝမ်းကျောင်း အခွင့် အလမ်းများကို လက်လှမ်းမီခြင်း

ပဋိပက္ခ နှင့်/သို့မဟုတ် သဘာဝ ဘေးဒဏ်သင့်သူများအခြေခံဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ညီမျှစွာ လက်လှမ်းမီစေခြင်း



### ၃ အစောပိုင်း ကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြေလည်စေမည့် နည်းလမ်းများ

ပဋိပက္ခနှင့်သဘာဝဘေးများအား လူထုအသိုင်းအဝိုင်း ခံနိုင်ရည် ပိုမိုကောင်းမွန်ပြီး အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြေလည်စေမည့် နည်းလမ်းများကို ပံ့ပိုးပေးခြင်း

# တုံ့ပြန်ရေး

# မဟာဗျူဟာ

**နိုင်ငံလုံးဆိုင်ရာလူသားချင်းစာနာမှုအဖွဲ့သည် ပဋိပက္ခဒဏ်သင့်သူများအား ကာကွယ်စောင့်ရှောက်ရေးကို တုံ့ပြန်မှုတွင် ရှေ့တန်းတင်ထားပြီး အဖြေပေါ်စေမည့် အသိပေးလှုံ့ဆော်မှု၊ ဆက်သွယ်ပြန်ကြားရေးနှင့် ဘေးဒဏ်သင့်သူများ ပါဝင်မှု၊ ပဋိပက္ခဂရုပြုမှု၊ ကျား/မ၊ ရေရှည် ပြေလည်စေမည့် နည်းလမ်းများ၊ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပေါင်းစည်းရန် အလေးထားသည်။ လူသားချင်းစာနာမှုအကူအညီပေါ် ရေရှည်မှီခိုရမှုကို လျှော့ချခြင်းနှင့် လူသားချင်းစာနာမှု လိုအပ်ချက်များအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးအတွက် တိုင်းပြည်စွမ်းရည်ကို တည်ဆောက်ပေးခြင်း တို့ဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရေး အရေးပါမှုကို အလေးထားသည်။**

ဤလူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်း၏ မဟာဗျူဟာ ရည်မှန်းချက်များကို အထက် (စာမျက်နှာ ၁၁) တွင် ဖော်ပြထားသည်။ ကဏ္ဍအလိုက်တုံ့ပြန်ရေးစီမံကိန်းများသည် ယင်း မဟာဗျူဟာ ရည်မှန်းချက်များနှင့် အညီဖြစ်သည်။ အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဗဟိုရန်ပုံငွေ (CERF) သို့မဟုတ် ပြည်တွင်းအခြေပြု အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေ (ERF) မှ ရန်ပုံငွေခွဲဝေပေးမှု ရည်ရွယ်ချက်များ အပါအဝင် စီမံကိန်းဦးစားပေးအဆင့် သတ်မှတ်မှုအားလုံးသည် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော ဤမဟာဗျူဟာ ရည်မှန်းချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိအပေါ် အခြေခံပေမည်။

ဤလူသားချင်းစာနာမှုစီမံကိန်းသည် ပဋိပက္ခနှင့် လူထုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများမှ အခြေခံလာသော အရေးပေါ် လူသားချင်းစာနာမှု လိုအပ်ချက်အများဆုံးရှိသည့် ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်တို့ကို အဓိကထားသည်။ ဤတုံ့ပြန်ရေးစီမံကိန်းသည် အိုးအိမ်စွန့်ခွာတိမ်းရှောင်နေရသူများအတွက် အသက်ကယ်လုပ်ငန်းများနှင့် အခြေခံ ဝန်ဆောင်မှုများ၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ညီမျှစွာ လက်လှမ်းမီစေမည့် စီမံကိန်းများကို အဓိကထားသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အစောပိုင်းကာလပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ရေရှည်ပြေလည်စေမည့်နည်းလမ်းများ ရှာဖွေမှုတို့ ပါဝင်သည်။ လူထုအသိုင်းအဝိုင်းများ၏ ပိုမိုကျယ်ပြန့်သော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို စဉ်းစားပြီး လူသားချင်းစာနာမှုလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ထိရောက်စွာ ချိတ်ဆက်ရေး ဆောင်ရွက်သွားမည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ၏ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့အနေဖြင့် ဤလူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိဟု ယူဆသော ရေရှည်ပြေလည်စေမည့် နည်းလမ်းများ မူဘောင်တစ်ရပ်ဖြင့် ဆောင်ရွက်သွားမည်။

## လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြေရှင်းရန် အစိုးရသစ်နှင့် လက်တွဲဆောင်ရွက်ခြင်း

၂၀၁၅ ခုနှစ် သမိုင်းဝင် ရွေးကောက်ပွဲအပြီး ၂၀၁၆ ခုနှစ်တွင် အစိုးရသစ်တက်လာပြီး လက်ရှိ လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြေရှင်းရန်နှင့် အရေးပေါ်အခြေအနေသစ်များအတွက် ကြိုတင်ပြင်ဆင်ရန် အစိုးရနှင့် လက်တွဲဆောင်ရွက်ရန် အခွင့်အလမ်းများ ရှိလာ ပေမည်။ နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် လူသားချင်းစာနာမှုလုပ်ငန်းများ အပြည့်အဝ ထင်သာမြင်သာရှိမှုနှင့် တာဝန်ခံမှုရှိစေရန် အစိုးရအာဏာပိုင်များ၊ အစိုးရထိန်းချုပ်မှုနယ်မြေပြင်ပရှိ အဓိက သက်ဆိုင်သူများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ဒေသခံ အသိုင်းအဝိုင်းများ၊ ဘေးဒဏ်သင့်သူများနှင့် အဆင့်အသီးသီးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်။ ပဋိပက္ခ၊ လူထုအသိုင်းအဝိုင်းကြား တင်းမာမှုများနှင့် သဘာဝဘေး ဒဏ်သင့်ဒေသများရှိ အိုးအိမ်စွန့်ခွာတိမ်းရှောင်သူများအား အရေးပါသည့် အသက်ကယ်ဝန်ဆောင်မှုပေးအပ်သူများအတွက် လုံလောက်သော လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်ရစေရန် ဦးစားပေး ဆောင်ရွက်သွားမည်။ ထို့ပြင် နိုင်ငံတကာအသိုင်းအဝိုင်းအပေါ်မှီခိုမှုကိုလျှော့ချပြီး ဘေးဒဏ်သင့်သူများ၏ လူသားချင်းစာနာမှု လိုအပ်ချက်များ ပြည့်ဝရေးအတွက် ရင်းမြစ်များပေးအပ်ရန် ပိုမိုတာဝန်ယူနိုင်ရေးအတွက် အစိုးရ၏ ကြိုးပမ်းမှုများကို အားပေးကူညီသွားမည်။ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစွမ်းရည်များ တိုးမြှင့်ရေးအတွက် ဝန်ကြီးဌာနအသီးသီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့်ရှိ ဒေသခံအာဏာပိုင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်။

## ကာကွယ်စောင့်ရှောက်ရေး ဗဟိုကျမှုကို သေချာစေခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် ၎င်း၏ လုပ်ငန်းများတွင် အေဂျင်စီများကြား အမြဲတမ်းကော်မတီ (IASC) ခေါင်းဆောင်များက ၂၀၁၃ ခုနှစ်တွင် အတည်ပြုထားသော လူသားချင်းစာနာမှုလုပ်ငန်းများတွင် ကာကွယ်စောင့်ရှောက်ရေး အဓိကကျမှုဆိုင်ရာ အဆိုနှင့်အညီ ကာကွယ်စောင့်ရှောက်ရေးကို အဓိကနေရာဆက်လက်ပေးသွားမည်ဖြစ်သည်။ ကုလသမဂ္ဂ "လူ့အခွင့်အရေး ရှေ့ဆောင်" လုပ်ငန်းစီမံချက်တွင် လူ့အခွင့်အရေးနှင့်အညီ နိုင်ငံတကာ လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများကို တားဆီးတုံ့ပြန်နိုင်မည့် နည်းလမ်းဖြင့် နေရာတိုင်းရှိ လူများအား ကာကွယ်စောင့်ရှောက်ရန် ကုလသမဂ္ဂအတွက် အရေးကြီးပုံကို အလေးပေးဖော်ပြထားသည်။ IASC ခေါင်းဆောင်များက ဖော်ပြချက်အရ "လူများအား ကာကွယ်စောင့်ရှောက်ရန် ဤအရေးပါမှုသည် လူသားချင်းစာနာမှုလုပ်ငန်း၏ အသည်းနှလုံးဖြစ်သည်"။

## ဘေးဒဏ်သင့်သူများ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို ခိုင်မာစေခြင်း

အိမ်ထောင်ရှင်ဆက်ဆံရေးများ၊ မိသားစုများ၏ ဂုဏ်သိက္ခာနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် ကဏ္ဍများနှင့် အစုအဖွဲ့အားလုံး လူသားချင်းစာနာမှုအကူအညီ၏ အဓိကကျသော အပိုင်းအနေဖြင့် သီးခြားလွတ်လပ်သောနေရာများ လိုအပ်ချက်ကို ယခင်က လူသားချင်းစာနာမှုလုပ်ငန်းများ၊ အထူးသဖြင့် ရေဘေးတုံ့ပြန်မှု၊ အတွေ့အကြုံများက မီးမောင်းထိုးပြထားသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများ ရှာဖွေခြင်း

လုပ်ငန်းအားလုံးတွင် နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများ ရှာဖွေရေးကို ဆက်လက် ဦးစားပေးဆောင်ရွက်သွားမည်။ ရေရှည်ပြေလည်စေမည့် နည်းလမ်းများအား ဆွေးနွေးတိုင်ပင်မှု၊ ပူးပေါင်းစီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတို့ကို အဓိကထားသော ပူးပေါင်းဆောင်ရွက်မှုက ဤချဉ်းကပ်မှုကို အဓိက ထောက်ပံ့ပေးမည်ဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် ဘေးကင်း၍ ရေရှည်တည်တံ့သော မိမိဆန္ဒအလျောက် တစ်ဦးချင်းကိုယ်ပိုင်သိရှိ ရွေးချယ်မှုအပေါ် အခြေခံသည့် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးနည်းလမ်းများကို ပံ့ပိုးသွားမည်။ လူသားချင်းစာနာမှုအဖွဲ့များသည် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများရှာဖွေရန် ကြိုးပမ်းရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

## လူသားချင်းစာနာမှုကိစ္စရပ်များနှင့်ပတ်သက်၍ အသိပေးလှုံ့ဆော်ခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်သင့်သူများကိုယ်စား ထိရောက်သော လူသားချင်းစာနာမှုလုပ်ငန်းအတွက် ပူးတွဲ အသိပေးလှုံ့ဆော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်။ အဓိကထားသည့်အချက်မှာ လူသားချင်းစာနာမှုလိုအပ်ချက်များဆိုင်ရာ အသိမြင့်တင်ခြင်း၊ အခွင့်အရေးအခြေပြု ချဉ်းကပ်မှုကို အသုံးပြုခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအား တိုက်တွန်းလွှမ်းမိုးရာတွင် အထောက်အကူပြုခြင်းတို့ဖြင့် ၂၀၁၆ ခုနှစ် လူသားချင်းစာနာမှုတုံ့ပြန်ရေးစီမံကိန်း၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များ ပြည့်ဝစေရေးဖြစ်သည်။

## ကျား/မ ကွဲပြားမှုကိစ္စများကို ဦးစားပေးဆောင်ရွက်ခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် ကျား/မ ကွဲပြားမှုကို အဓိကထားသော လူ့ဗဟိုပြုချဉ်းကပ်မှုပုံစံကို အသုံးပြုသည်။ ယင်းတွင် ပဋိပက္ခဒဏ်သင့်သော အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ၏ ကွဲပြားသော အတွေ့အကြုံများ၊ လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် ဦးစားပေးအချက်များကို ဖော်ထုတ် တုံ့ပြန်ခြင်း၊ ကျားမမျှတမှုကို မြှင့်တင်ရန် ဦးတည်ဆောင်ရွက်ချက်များ ဖော်ထုတ်ခြင်း၊ အမျိုးသမီးများအတွက် ပိုမိုပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုတို့ကို ထောက်ပံ့ရန် အမျိုးသားများနှင့် ဆောင်ရွက်ခြင်း၊ ကျားမမျှတမှုကို ထည့်သွင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

## ပဋိပက္ခဂရုပြုချဉ်းကပ်မှု ဆောင်ရွက်ခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် မိမိတို့လုပ်ငန်းတွင် ပဋိပက္ခဂရုပြု ("Do No Harm") ချဉ်းကပ်မှုကို ထည့်သွင်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည်။

## ဘေးဒဏ်သင့်သူများအား တာဝန်ခံခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် ဘေးဒဏ်သင့် လူထုအသိုင်းအဝိုင်းနှင့် ထိရောက်သော ဆက်သွယ်ပြန်ကြားမှုရှိစေရန်နှင့် ၎င်းတို့အား တာဝန်ခံရန် ကတိကဝတ်ပြုထားသည်။ ယင်းတွင် အကြံပေးမှုနှင့် တာဝန်ခံမှုစနစ်များ လုံလုံလောက်လောက်

ရှိစေခြင်း၊ ဘေးဒဏ်သင့်လူထုအား ကိုယ်တိုင်သိရှိဆုံးဖြတ်နိုင်ရန် ၎င်းတို့နှင့်ဆိုင်သော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက် များအချိန်မီရလွယ်စေရန် ဆောင်ရွက်ပေးခြင်း၊ ဘေးဒဏ်သင့်သူများ၏ အမြင်များကို ကောက်ခံပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်စေခြင်းတို့ ပါဝင်သည်။

## အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်း

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာတိမ်းရှောင်မှုနှင့် လူသားချင်းစာနာမှုလိုအပ်ချက်များဖြစ်စေနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လွယ်သည်။အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ပိုမိုအားကောင်းစေမည်။ ယင်းတွင် အရေးပေါ်ပြောင်းရွှေ့ရန်နေရာများ ဖော်ထုတ်ခြင်းနှင့် အနာဂတ်အရေးပေါ်အခြေအနေများအတွက် ပစ္စည်းများ စုဆောင်းခြင်းတို့ ပါဝင်သည်။ ၂၀၁၅ ရေဘေးအပြီး သင်ခန်းစာလေ့လာရေးအစီအစဉ်အပေါ် အခြေခံ၍ နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် အရေးပေါ်အခြေအနေများကို ပိုမိုလျှင်မြန်ထိရောက်စွာ တုံ့ပြန်ရေးနှင့် ဒေသခံ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍအပါအဝင် ပြည်တွင်းအဖွဲ့များနှင့် ပိုမိုခိုင်မာသော ချိတ်ဆက်မှုများကို ဦးတည်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အစိုးရ၏ တုံ့ပြန်မှုစနစ်များကို ထောက်ပံ့မည့်နည်းလမ်းများကို ထည့်သွင်းစဉ်းစားသွားမည်။

## ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးချိတ်ဆက်ဆောင်ရွက်မှုများ

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် အရေးပေါ်တုံ့ပြန်ရေး၊ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေး၊ ရေရှည် ပြန်လည်ထူထောင်ရေးနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် ရေရှည်ပြေလည်စေမည့် နည်းလမ်းများရရှိရန် ဦးတည်သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြား ဆက်နွယ်မှုကို အသိအမှတ်ပြုသည်။ လူသားချင်းစာနာမှုအဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများသည် ဒေသခံအဖွဲ့အစည်းများကို အားကောင်းစေခြင်းဖြင့် အစိုးရစီမံအုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ပေးခြင်း၊ လူ့စွမ်းအားနှင့် လူမှုစွမ်းအားရင်းမြစ် တည်ဆောက်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုများ ပြန်လည်ထူထောင်ခြင်း၊ ဒဏ်ခံနိုင်ရည် အားကောင်းစေခြင်း၊ ထုတ်လုပ်မှုစွမ်းရည် နှင့် ဝင်ငွေ/အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေခြင်း၊ ဒေသတွင်း အခြေခံအဆောက်အအုံများ တိုးတက်စေခြင်းတို့ပါဝင်သော ဘက်စုံပါဝင်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးပေးရန် ဆောင်ရွက်လျှက်ရှိသည်။ အဓိကရည်ရွယ်ချက်မှာ အကူအညီအပေါ် မှီခိုမှုကို လျှော့ချပြီး လူထုဒဏ်ခံနိုင်ရည်ကို တိုးမြှင့်ပေးရန်ဖြစ်သည်။ UNDP ဦးဆောင်ပြီး ကဏ္ဍ/အစုအဖွဲ့အားလုံးမှ တာဝန်ခံများပါဝင်သော အစောပိုင်းကာလ ပြန်လည်ထူထောင်ရေး ကွန်ယက်သည် အစောပိုင်းကာလပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်လျှက်ရှိသည်။ လူသားချင်းစာနာမှုအကူအညီနှင့် ဤစီမံကိန်းပြင်ပမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြား ချိတ်ဆက်မှုကို အားကောင်းစေရန် ဆောင်ရွက်သွားမည်။

## ပြည့်စုံသော ဒေသတွင်း စီမံကိန်းများ ဖော်ဆောင်ခြင်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးကိစ္စများကို ပေါင်းစည်းဖြေရှင်းပေးမည့် ဘက်စုံပါဝင်သော ဒေသတွင်း စီမံကိန်းများ လိုအပ်မှုကို အသိအမှတ်ပြုသည်။ ယင်းသည် လူသားချင်းစာနာမှုလုပ်ငန်းများကို လူသားချင်းစာနာမှုအခြေခံမှုများနှင့်ကိုက်ညီစေပြီး ထိုစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးမည်။ ထို့ပြင် သင့်တော်သလို သီးခြား ပေါင်းစပ်ညှိနှိုင်းရေးစနစ်များကို ထိန်းသိမ်းပြီး ပေါင်းစပ်ညှိနှိုင်းရေးစနစ်များကို သုံးသပ်ခြင်း၊ လိုအပ်သလို လုပ်ငန်းစဉ်များ ထည့်သွင်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့် ချိတ်ဆက်မှုကို ခိုင်မာစေခြင်းတို့အား အထောက်အကူဖြစ်စေမည်။

## ငွေကြေး စီမံကိန်း

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် လူသားချင်းစာနာမှုအကူအညီများကို ငွေကြေးပုံစံဖြင့် ပိုမိုပေးအပ်စေလိုသော နိုင်ငံတော်အစိုးရ၏ ဆန္ဒအပါအဝင်ငွေကြေး အခြေပြုလူသားချင်းစာနာမှုအကူအညီများ၏ ထိရောက်မှုပေါ် အခြေခံသော သက်သေသာဓကများကို အသိအမှတ်ပြုသည်။ လူသားချင်းစာနာမှု ငွေကြေးလွှဲပြောင်းပေးမှုဆိုင်ရာ အဆင့်မြင့်အဖွဲ့၏ ထောက်ခံအကြံပြုချက်များအပေါ်မူတည်၍ နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှု အဖွဲ့သည် ချွင်းချက်မဲ့ ငွေကြေးလွှဲပြောင်းပေးအပ်မှုကို လူသားချင်းစာနာမှု အကူအညီပေးအပ်ရေး အရေးပါသော ပုံစံတစ်ခုအနေဖြင့်စနစ်တကျ စဉ်းစားပေးရန် ပူးပေါင်းဆောင်ရွက်သွားမည်။ ဤချဉ်းကပ်မှုကို ထိရောက်မှုရှိစေရန် ငွေကြေးပုံစံများအား လက်လှမ်းမီမှုနှင့် ဖြန့်ဝေမှုအပြီး စောင့်ကြည့်လေ့လာမှုတို့ကို အထောက်အကူပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်။ ကဏ္ဍများနှင့် အစုအဖွဲ့အကူအညီပေးအပ်ရာတွင် ထိုပုံစံများကို အသုံးပြုခြင်း အပါအဝင် လက်ရှိ ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့သည် လူသားချင်းစာနာမှုဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် ပေါင်းစည်းတုံ့ပြန်ရေးစီမံကိန်းများတွင် ယင်းအပိုင်းကို ထည့်သွင်းအားဖြည့်သွားမည်။ ထိုသို့ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများ အရှိန်မြင့်ပြီး အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို အထောက်အကူပြုအားကောင်းစေရေးအတွက် အထူးအလေးပေးသွားမည်။

# လုပ်ငန်းဆောင်ရွက်မှု စွမ်းရည်

## ပြည်တွင်းနှင့် ဒေသခံ စွမ်းရည်နှင့် တုံ့ပြန်မှု

အစိုးရတုံ့ပြန်ရေးဖွဲ့စည်းပုံသည် ဒုတိယသမ္မတ (၁) နှင့် (၂) တို့ဦးဆောင်သော ကော်မတီများအပေါ်တွင် ဗဟိုပြုသည်။ ထို့ပြင် အစိုးရသည် အရေးပေါ် ပဋိပက္ခထိန်းချုပ်ရေး ဗဟိုဌာနနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေး ဗဟိုဌာနတို့ကို ဖွဲ့စည်းထားသည်။ အစိုးရ တုံ့ပြန်မှုကို ပြည်ထောင်စုနှင့် ပြည်နယ် အဆင့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် မြို့နယ်အဆင့်တွင် အထွေထွေ အုပ်ချုပ်ရေးဌာနတို့ဖြင့် ဆောင်ရွက်သည်။

ဩဂုတ် ၂၀၁၅ တွင် ပြည်တွင်း NGO ၁၉ ခုတို့၏ လုပ်ငန်းများအား မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲရေးဌာန (MIMU) မှ စီမံခန့်ခွဲသော 3Ws (မည်သူက မည်သည့်နေရာတွင် မည်သည်တို့ ဆောင်ရွက်သည်) အချက် အလက်များတွင် ထည့်သွင်းထားသည်။ ၂၀၁၅ ခုနှစ် တိုင်းပြည်အနှံ့ ရေဘေး တွင် ပြည်တွင်းအဖွဲ့အစည်းများစွာတို့၏ တုံ့ပြန်မှုကို တွေ့မြင်ခဲ့ရသည်။ ယင်း အဖွဲ့အစည်းများသည် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသော်လည်း သဘာဝ ဘေးအတွင်း အစိုးရနှင့်အတူ အမျိုးသားတုံ့ပြန်မှုအခြေခံအဖြစ် ဆောင်ရွက် ခဲ့ကြသည်။ ကချင်ပြည်နယ်တွင် ဒေသခံ NGO ကိုးခုတို့က ပေါင်းစပ် ညှိနှိုင်းရေး အားကောင်းစေရန် ပူးတွဲမဟာဗျူဟာအဖွဲ့ (JST) ကို ဖွဲ့စည်းထား သည်။ JST ကို ကချင်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုလသမဂ္ဂ အေဂျင်စီများနှင့် INGO များက ဘဏ္ဍာရေး နှင့် နည်းပညာအထောက်အပံ့များ ပေးအပ်ထားသည်။

## နိုင်ငံတကာ စွမ်းရည်နှင့် တုံ့ပြန်မှု

နိုင်ငံတကာ NGO ၂၇ ခုနှင့် ကုလသမဂ္ဂအေဂျင်စီ ၁၀ ခုတို့က MIMU 3Ws အချက်အလက်စုစည်းမှုတွင် လူသားချင်းစာနာမှု/ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များကို အစီရင်ခံထားသည်။ အောက်ပါမြေပုံတွင် ရခိုင်ပြည်နယ်နှင့် ကချင်နှင့် ရှမ်းမြောက်ရှိ လူသားချင်းစာနာမှု အဖွဲ့များ အရေအတွက်ကို ဖော်ပြထားသည်။




လူသားချင်းစာနာမှု အဖွဲ့များ အရေအတွက်

၁၉

# လူသားချင်းစာနာမှုဆိုင်ရာ

# သွားလာခွင့်

အစိုးရထိန်းချုပ်သော ဒေသများတွင် လူသားချင်းစာနာမှု အဖွဲ့များသည် နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် အခြား ပဋိပက္ခဒဏ်သင့်သူများထံ ပုံမှန်သွားလာခွင့်ရှိသည်။ အစိုးရထိန်းချုပ်မှု နယ်မြေပြင်ပ ဒေသများတွင် အထူးသဖြင့် နိုင်ငံတကာဝန်ထမ်းများ လှုပ်ရှားသွားလာမှုနှင့်ပတ်သက်၍ အစိုးရကပိုမိုတင်းကြပ်စွာချုပ်ကိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အစိုးရထိန်းချုပ်မှု နယ်မြေပြင်ပ ဒေသအချို့သို့ သွားလာခွင့်ရသော်လည်း ခွင့်ပြုချက်ရယူရာတွင် နှောင့်နှေးမှုများရှိသည်။ ဒေသခံ NGOများအနေဖြင့်(အကန့်အသတ်မဲ့မဟုတ်သော်လည်း) အစိုးရထိန်းချုပ်သည့် နယ်မြေပြင်ပ ဒေသအများအပြားသို့ ပိုမို သွားလာခွင့်ရှိသည်။ ပဋိပက္ခဖြစ်ပွားနေသော သို့မဟုတ် မလုံခြုံသော ဒေသများတွင် လူသားချင်းစာနာမှုအဖွဲ့များ သွားလာခွင့်မရသည့် အချိန်များရှိသည်။ ဤကာလများတွင် လူသားချင်းစာနာမှုအကူအညီကို အစိုးရ နှင့် ရပ်ရွာလူထုက တတ်နိုင်သလောက် ပြည်တွင်းနှင့် ဒေသခံ NGO များမှတဆင့် ပေးအပ်သည်။

### ကချင်နှင့် ရှမ်းမြောက်ပြည်နယ်များ

အစိုးရထိန်းချုပ်သည့် နယ်မြေများတွင် လူသားချင်းစာနာမှုအဖွဲ့များသည် လူသားချင်းစာနာမှု လုပ်ငန်းများ အဟန့် အတားကြီးကြီးမားမား မရှိဘဲ ဆောင်ရွက်နိုင်သည်။ အစိုးရထိန်းချုပ်သည့်နယ်မြေပြင်ပဒေသများတွင် နိုင်ငံတကာ လူသားချင်းစာနာမှုဝန်ထမ်းများ သွားလာခွင့်ကို ကန့်သတ်ထားသည်။ သို့သော် ဒေသခံ NGO များအနေဖြင့် နယ်မြေအများစုသို့ သွားလာခွင့်ရသည်။ ၂၀၁၅ ခုနှစ်တွင် ကိုးကန့် အထူးအုပ်ချုပ်ခွင့်ရဒေသ (ရှမ်းပြည်နယ်) ကို လများ စွာ ပိတ်ထားကာ ဇူလိုင်လတွင်မှ ကုလသမဂ္ဂ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ သွားလာခွင့် ရခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် နိုဝင်ဘာလတွင်း ဆွမ်ပရာဘွမ်မြို့ရှိ ပဋိပက္ခဒဏ်သင့်သူ ၁,၂၀၀ ကျော်ထံ လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်ကို အာဏာပိုင်များက ပေးအပ်ခဲ့ခြင်းမရှိပေ။




### ရခိုင်ပြည်နယ်

ရံဖန်ရံခါ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကြောင့် လုပ်ငန်းများ နှောင့်နှေးတတ်သော်လည်း လူသားချင်းစာနာမှုအဖွဲ့များသည် ရပ်ရွာများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရာများကို အဟန့်အတားကြီးကြီးမားမားမရှိ အကူအညီများ ဆက်လက်ပေးပို့နေသည်။ အချို့အဖွဲ့များက နေရာတချို့တွင် စီမံကိန်းများအကောင်အထည်ဖော်ရေးအတွက် ခွင့်ပြုချက်ရရှိရန် ကြန့်ကြာကြောင်း အစီရင်ခံထားကြသည်။ အဓိက အခက်အခဲမှာ (နေရပ်စွန့်ခွာတိမ်းရှောင်သူများအပါအဝင်) မွတ်စ်လင်မ် အသိုင်းအဝိုင်းအပေါ် လှုပ်ရှားသွားလာခွင့် ဆက်လက်ကန့်သတ်ထားခြင်းဖြစ်ပြီး ထို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းတို့ကို ၎င်းတို့၏ လက်လှမ်းမီမှု အခက်အခဲဖြစ်စေသည်။

တုံ့ပြန်မှု

# စောင့်ကြည့်လေ့လာရေး

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် ကဏ္ဍ/အစုအဖွဲ့အားလုံးအတွက် ဦးတည်ချက် နှင့် ညွှန်ကိန်းများ သတ်မှတ်သဘောတူညီထားသည်။ ယင်းတို့က လူသားချင်း စာနာမှုတုံ့ပြန်ရေး၏ အထွေထွေစောင့်ကြည့်လေ့လာရေးအတွက် အခြေခံအဖြစ် အသုံးပြုသည်။ သုံးလပတ်တိုင်း နိုင်ငံလုံး ဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့သည် သုံးလပတ် စောင့်ကြည့်လေ့လာရေး အစီရင်ခံစာကို ထုတ်ဝေ သည်။ အစီရင်ခံစာတွင် ကဏ္ဍ/အစုအဖွဲ့ တစ်ခုချင်းစီ၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်း အကြံပြုချက်များ အသေးစိတ် ပါဝင်သည်။

နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာအပြင် ကဏ္ဍ/အစုအဖွဲ့တစ်ခုချင်း သို့မဟုတ် အေဂျင်စီများကလည်း တစ်နှစ်ပတ်လုံး စောင့်ကြည့်လေ့လာရေးအစီရင်ခံစာများထုတ်ဝေပြီး နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့ထံ အေဂျင်စီများကြား ကဏ္ဍပေါင်းစုံ အကဲဖြတ်လေ့လာမှုလုပ်ငန်း အစီရင်ခံစာများ မျှဝေသည်။ အများပြည်သူကြည့်ရှုနိုင်သော လေ့လာ စောင့်ကြည့်ရေးအစီရင်ခံစာများကို MIMU ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ OCHA မှလည်း လူသားချင်းစာနာမှုအချက်အလက် များ (Humanitarian Snapshots) နှင့် ရန်ပုံငွေဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို သုံးလပတ်တိုင်း ထုတ်ဝေသည်။

MIMU မှ တိုင်းပြည်အနှံ့ 3W (မည်သူက မည်သည့်နေရာတွင် မည်သည်တို့ ဆောင်ရွက်သည်) စာရင်းအပြည့်အစုံကို ခြောက်လ တစ်ကြိမ် စုဆောင်းသည်။ ယင်းတွင် ကျေးရွာအဆင့်ထိ ကဏ္ဍအခွဲ ၁၄၅ ခုမှ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို အဖွဲ့အစည်း ၂၀၅ ခု (နိုင်ငံတကာနှင့် ပြည်တွင်း NGO များ၊ ကုလသမဂ္ဂ နှင့် ကြက်ခြေနီအဖွဲ့အစည်းများ) က ပေးအပ်သည့် သတင်းအချက်အလက်များအား စုစည်းထားသည်။ သတင်းအချက်အလက် စီမံခန့်ခွဲရေးကွန်ယက်က လုပ်ငန်းခွင်အခြေစိုက် အေဂျင်စီများမှရရှိသော သတင်းအချက်အလက်များအား ပိုမိုထိရောက်စွာအသုံးပြုနိုင်ရန်အတွက် ရခိုင်၊ကချင်နှင့်ရှမ်းတို့တွင် လုပ်ငန်း ဆောင်ရွက်နေသော အစုအဖွဲ့များ၊ ကဏ္ဍများနှင့်အတူ လူသားချင်းစာနာမှုအချက်အလက်စံနှုန်းများကို သတ်မှတ်ထားသည်။

၂၀၁၆ ခုနှစ်အတွက် အောက်ပါလုပ်ငန်းများကို ဦးစားပေးသွားမည်။

- ပုံမှန် လေ့လာစောင့်ကြည့်ရေးအစီရင်ခံစာများ ထုတ်ဝေခြင်း
- လူသားချင်းစာနာမှုအကူအညီများ ထိရောက်စွာပေးအပ်နိုင်ရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းနိုင်စေမည့် အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) နှင့် နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့တို့မှ လေ့လာ စောင့်ကြည့်ရေး ရလာဒ်များကို ဝေဖန်သုံးသပ်ခြင်း
- အစုအဖွဲ့/ကဏ္ဍအားလုံးတွင် ကျား/မနှင့် အသက်အရွယ်အလိုက်ခွဲခြားထားသော အချက်အလက်များ (SADD) ကောက်ခံ၍ ခွဲခြမ်းစိတ်ဖြာခြင်း
- သတင်းအချက်အလက်ထုတ်ကုန်များကို ပံ့ပိုးရန်နှင့် ဆုံးဖြတ်ချက်ချမှတ်မှုကို လွှမ်းမိုးရန် ခိုင်လုံသော နောက်ဆုံးရ အချက်အလက်များ အသုံးပြုခြင်း
- စံ ကနဦးလေ့လာကဲဖြတ်မှုပုံစံကို ပြင်ဆင်သုံးသတ်ပြီး အကဲဖြတ်လေ့လာမှုများဆောင်ရွက်ရန်အတွက် မိုဘိုင်းလ်နည်းပညာ ကို ပိုမိုအသုံးပြုခြင်း။

## အနစ်ချုပ်

# အကူအညီလိုအပ်ချက်များ၊ ဦးတည်ချက်များနှင့်၊ ရင်းမြစ်လိုအပ်ချက်များ

| အကူအညီလိုအပ်နေသူများ | ဦးတည်ထားသူများ | လိုအပ်ချက် (အမေရိကန်ဒေါ်လာ) |
| --- | --- | --- |
| ၁,၀၂၀,၀၀၀<br>ရေဘေးသင့်ခံရသူ ၄၆၀,၀၀၀ကျော် အပါအဝင် | ၁,၀၂၀,၀၀၀<br>ရေဘေးသင့်ခံရသူ ၄၆၀,၀၀၀ကျော် အပါအဝင် | ၁၉၀ သန်း |

| ကဏ္ဍ | စုစုပေါင်း | | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | | နေရပ်မစွန့်ခွာသူများ | | | | ရေဘေးသင့်ခံရသူများ | ရံပုံငွေလိုအပ်ချက်များ US$ (M) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| | အကူအညီလိုအပ်နေသူများ | ဦးတည်ထားသူများ | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့) မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံမိသားစုများ | နေရပ်ပြန်သူများ | ပြန်လည်အခြေချသော IDP များ | ပဋိပက္ခဒဏ်သင့်သူများ | ရပ်ရွာခံ/ပတ်ဝန်းကျင် | | |
| ပညာရေး | ၁၈၈,၀၀၀ | ၉၃,၈၀၅ | ၆၀,၉၀၈ | ၇,၆၁၉ | ၂၆၅ | - | - | ၂၅,၀၁၃ | - | ၉.၀ |
| အစားအစာလုံလောက်မှု | ၈၄၁,၂၂၃ | ၇၇၉,၂၂၃ | ၂၀၈,၆၄၃ | ၁,၅၀၀ | ၈,၀၀၀ | ၆၉၄ | ၄၉,၀၀၀ | ၅၂,၀၀၀ | ၄၅၉,၃၈၆ | ၈၀.၂ |
| ကျန်းမာရေး | ၅၃၇,၇၇၂ | ၅၃၇,၇၇၂ | ၂၁၁,၄၂၁ | ၂၈,၈၉၄ | - | ၁၆၇ | ၁၇၇,၂၉၀ | ၁၂၀,၀၀၀ | - | ၂၂.၉ |
| အာဟာရ | ၁၉၉,၀၀၀ | ၈၃,၄၀၀ | ၃၀,၇၀၀ | ၃,၆၀၀ | ၇၀၀ | ၁၀၀ | ၃၇,၀၅၀ | ၁၁,၂၅၀ | - | ၈.၉ |
| ကာကွယ်စောင့်ရှောက်ခြင်း | ၃၀၀,၈၁၅ | ၂၁၇,၀၃၆ | ၁၉၁,၈၄၂ | ၅,၁၉၄ | - | - | ၂၀,၀၀၀ | - | - | ၂၇.၅ |
| CCCM/ အဆောက်အအုံ/NFIs | ၂၄၀,၃၁၅ | ၂၀၈,၈၂၆ | ၂၀၈,၈၂၆ | - | - | - | - | - | - | ၁၆.၇ |
| WASH | ၅၃၈,၁၃၆ | ၄၄၂,၁၆၄ | ၂၁၀,၀၀၀ | ၆,၁၄၆ | - | - | ၁၁၅,၀၀၀ | ၁၀၀,၀၀၀ | ၁၁,၀၀၀ | ၁၈.၂ |
| အထွေထွေဝန်ဆောင်မှုများ | | | | | | | | | | ၆.၁ |
| စုစုပေါင်း | | | | | | | | | | ၁၈၉.၅ |

# အပိုင်း ၂ - လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တုံ့ပြန်ရေးစီမံကိန်း

- ပညာရေး
- စားနပ်ရိက္ခာဖူလုံရေး
- ကျန်းမာရေး
- အာဟာရ
- ကာကွယ်စောင့်ရှောက်ရေး
- မိုးခိုရာနေရာ/စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ/ ယာယီစခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး
- ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး (WASH)
- ဘုံဝန်ဆောင်မှုများ

အကူအညီလိုအပ်သူများ

**၁၈၈,၀၀၀**

ရခိုင်: ၁၂၂,၀၀၀
ကချင်/ရှမ်း: ၆၆,၀၀၀

ဦးတည်ထားသူများ

**၉၃,၈၀၅**

ရခိုင်: ၅၆,၃၄၀
ကချင်/ရှမ်း: ၃၇,၄၆၅

လိုအပ်ချက်များ (US$)

**၉သန်း**

ရခိုင်: ၆.၃ သန်း
ကချင်/ရှမ်း: ၂.၇ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၁၈**

# ပညာရေး

## ပဋိပက္ခဘေးဒဏ်သင့်ကလေးသူငယ်အားလုံးအတွက် အရည်အသွေးပြည့်မီသော (စာသင်ခန်းတွင်းနှင့် ပြင်ပ) ပညာရေးကို လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေရေး

ကချင်/ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် ပဋိပက္ခဒဏ်သင့် ကလေးသူငယ်များ အတွက် အရည်အသွေးပြည့်/ လုံခြုံဘေးကင်းသော သင်ယူရေးပတ်ဝန်းကျင်ကို လက်လှမ်းမီမှု မြှင့်တင်ရန် အကူအညီများစွာ လိုအပ်နေဆဲဖြစ်သည်။ မူလတန်းပညာရေးသုံးပစ္စည်းများ - ယာယီ အဆောက်အဦးများနှင့် ပံ့ပိုးပစ္စည်းများ၊ သင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများ- ပေးအပ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့မှာ အဓိက လုပ်ငန်းတစ်ခုဖြစ်သည်။

ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ပညာရေးဝန်ဆောင်မှုအများစုကို နိုင်ငံတကာ အဖွဲ့အစည်းများက ဆက်လက်ပေးအပ်နေပြီး ၂၀၁၆ ခုနှစ်အထိ ထိုအတိုင်း ဆက်ရှိနေနိုင်သည်။ အစိုးရ မူလတန်းပညာရေးသင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီအောင်ဆောင်ရွက်မှုမှာ အစိုးရ တာဝန်ယူမှုပိုမိုတိုးမြင့်လာရေးအတွက် အဓိက ခြေလှမ်းတစ်ရပ်ဖြစ်သော်လည်း ရန်ပုံငွေနှင့် အကောင်အထည်ဖော်မှုစွမ်းရည် ပိုမိုလိုအပ်နေသည်။ အခြားဦးစားပေးလုပ်ငန်းများတွင် ပုံမှန်နှင့်စာသင်ခန်းပြင်ပ အခြေအနေများတွင် ဆယ်ကျော်သက်များအတွက် ပညာရေး အခွင့်အလမ်းတိုးတက်ရေး၊ အမျိုးသား မူလတန်းကြို ပညာရေးနှင့်အညီ ယာယီစာသင်ကြားရာနေရာများတွင် မူလတန်းကြိုတန်းများ ဖွင့်လှစ်ရေး၊ ပေးအပ်သော ပညာရေး ပိုမိုကောင်းမွန်စေရေးအတွက် ဆရာဖြစ်သင်တန်းများ ပိုမိုဖွင့်လှစ်ရေးတို့ ပါဝင်သည်။ ရခိုင်ပြည်နယ်တွင် အခြားအချက်များ၊ ခွဲခြားဆက်ဆံမှု မူဝါဒ၊ အလေ့အထများနှင့် ချိတ်ဆက်နေသည့် ရေရှည်ဆင်းရဲနွမ်းပါးမှုကြောင့် ကလေးသူငယ်အများအပြား စာသင်ခန်းအတွင်းနှင့် အပြင် မူလတန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာရေးကို လက်လှမ်းမီမှု မရှိသလောက်ဖြစ်နေသည်။ ယင်းတို့ကို ဤစီမံကိန်းအရ လူသားချင်းစာနာမှု အကူအညီလိုအပ်နေသူများအဖြစ် မယူဆသော်လည်း ဤအန္တရာယ်ကျရောက်လွယ်မှုကို ဖြေရှင်းခြင်းက ရခိုင်ပြည်နယ်ရှိ ရေရှည်၊ ပြည့်စုံသော ဘက်စုံပညာရေးတုံ့ပြန်မှုဆီသို့ ဦးတည်ရာတွင် အဓိကကျသော အပိုင်းတစ်ခုဖြစ်ပေမည်။ ကချင်/ရှမ်းရှိ အစိုးရထိန်းချုပ်သောဒေသများတွင် နေရပ်စွန့်ခွာသော ကလေးသူငယ်အားလုံးကို ကာမိစေရန် လက်ရှိအစိုးရစွမ်းရည်ကို တိုးချဲ့ရေးအတွက် သီးခြားအကူအညီ လိုအပ်ဆဲဖြစ်သည်။ အစိုးရထိန်းချုပ်မှုနယ်မြေပြင်ပတွင် မူလတန်းပညာရေးဆိုင်ရာ ပံ့ပိုးပစ္စည်းများ(ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ပရိဘောဂများအပါအဝင်) ပေးအပ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့မှာ ကဏ္ဍ၏ အဓိက လုပ်ငန်းတစ်ခုဖြစ်သည်။စနစ်တကျလေ့ကျင့်ပေးထားသော ဆရာ၊ ဆရာမများ မရှိခြင်းကို ဖြေရှင်းရန် စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများ အထူးသဖြင့် ဆရာမများကို သင့်လျော်သော ကျားမညီမျှမှု မဟာဗျူဟာအသစ်များဖြင့် ခန့်အပ်ပြီး တိုးတက်စေမည်။ တိုင်းပြည်အနှံ့ ရေဘေးဒဏ်သင့်သည့် ဒေသများတွင် လတ်တလော လိုအပ်ချက်များကို ပညာရေးအဖွဲ့များက ဖြေရှင်းလျှက်ရှိပြီး သဘာဝဘေးအန္တရာယ်နှင့် "ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်" ရန် ပညာရေးစနစ်၏ လိုအပ်ချက်များကြောင့် အလယ်အလတ်ကာလနှင့် ရေရှည် လိုအပ်ချက်များ ရှိနေဦးမည်။

## ပညာရေးကဏ္ဍကို အသက်ကယ်၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဒဏ်ခံနိုင်ရည်တည်ဆောက်ရေး အကူအညီ စက်ယန္တရား တစ်ခုအဖြစ် အသုံးပြုခြင်း

အရေးပေါ် အခြေအနေများအတွင်း ပညာရေးသည် ဘေးကင်းသော သင်ယူရေးပတ်ဝန်းကျင်ကို ညီမျှစွာ လက်လှမ်းမီစေခြင်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအပိုင်းများ ပေါင်းစည်းခြင်းတို့ဖြင့် ကလေးသူငယ်များအား ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် သိမှုပိုင်းများ ကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဓိကအပိုင်းများ-စိတ်လူမှုအထောက်အပံ့၊ ဘဝတွက်တာ ကျွမ်းကျင်ဖွယ်ရာများနှင့် (ကချင်/ရှမ်း တွင်) မိုင်းအန္တရာယ်ပညာပေးရေး - တို့ နှင့်အတူ ဆရာဆရာမများအတွက် ကျင့်ဝတ် စည်းကမ်းများက ပညာရေး၏ ကာကွယ်စောင့်ရှောက်ရေးအပိုင်းကို ပိုမိုအားကောင်းစေမည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစနစ်များ ထူထောင်ခြင်း - ဆရာ၊ ဆရာမများအား ကာကွယ်စောင့်ရှောက်ရေးကိစ္စများ (ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု၊ လျစ်လျူရှုမှု သို့မဟုတ် အန္တရာယ်) ရှာဖွေဖော်ထုတ်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ ကာကွယ်

ပညာရေး ဦးတည်ချက် ၁:

**၁** ပဋိပက္ခဒဏ်သင့် ကလေးများ အားလုံးအတွက် အရည်အသွေး ပြည့်မီသည့် (စာသင်ခန်းတွင်းနှင့် ပြင်ပ) ပညာရေးကို ပိုမိုလက်လှမ်း မီစေခြင်း

**SO 2, SO 3နှင့် သက်ဆိုင်သည်**

ပညာရေး ဦးတည်ချက် ၂:

**၂** ပညာရေးကဏ္ဍကို အသက်ကယ်၊ ကာကွယ် စောင့်ရှောက်ရေးနှင့် ဒဏ်ခံနိုင်ရည် တည်ဆောက်ရေး အကူအညီ စက်ကွန်တစ်ခု အဖြစ် အသုံးပြုခြင်း

**SO 1, SO 2, SO3နှင့် သက်ဆိုင်သည်**

ဆက်သွယ်ရန်

**ယူကာကို ဖူဂျီမိုရီ**
**yfujimori@unicef.org**

စောင့်ရှောက်ရေးလမ်းကြောင်းများသို့ လွှဲပြောင်းပေးခြင်းတို့မှာ ရခိုင်ပြည်နယ်တွင် ပိုမိုကာကွယ်စောင့်ရှောက်သော ပတ်ဝန်းကျင် ဖြစ်လာရေးအတွက် ဦးစားပေးလုပ်ငန်းဖြစ်သည်။ ထို့ပြင် မကြာမီက ဖြစ်ပွားခဲ့သော ရေဘေးနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် ဦးတည် စိတ်လူမှုအထောက်အပံ့သင်တန်းများက ကလေးသူငယ်များနှင့် ရပ်ရွာလူထု ဒဏ်ခံနိုင်ရည် တိုးမြင့်ရေးအတွက် အရေးပါသည်။

ကချင်/ရှမ်းနှင့် ရခိုင်တို့တွင် ပဋိပက္ခအခြေပြု ပညာရေးလုပ်ငန်းများကို ပိုမိုအားကောင်းစေရန် လိုအပ်သည်။ အထူးသဖြင့် ကချင်/ရှမ်းတွင် ပေါင်းစပ်ညှိနှိုင်းရေး၊ သတင်းအချက်အလက် စုစည်းမှုနှင့် စီမံခန့်ခွဲမှုတို့ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် ပါဝင်သည်။ ရခိုင်တွင် ကဏ္ဍအဖွဲ့ဝင် မိတ်ဖက်အဖွဲ့အစည်းများသည် ပညာရေးလုပ်ငန်းများက ရေရှည် ပဋိပက္ခအခြေပြု ဖြေရှင်းရေး နည်းလမ်းများကို အထောက်အကူပြုပြီး အထူးသဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ကိုယ်ပိုင်အိမ်ယာကို လက်လှမ်းမီသည့်နေရာများတွင် ပညာရေးဝန်ကြီးဌာနသို့ ပညာရေး အကောင်အထည်ဖော်မှုတာဝန်ကို လွှဲပြောင်းပေးရာတွင် အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားမည်။

### အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/ တိုင်း ဒေသကြီး | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | | နေရပ် မစွန့်ခွာသူများ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့)မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံ မိသားစုများ | နေရပ်ပြန် သူများ | ပြန်လည် အခြေချ သော IDPs | ပဋိပက္ခ ဒဏ်သင့် သူများ | ရပ်ရွာခံ/ ပတ်ဝန်း ကျင် |
| အကူအညီ လိုအပ်သူများ | **ကချင်/ရှမ်း** | ၄၆,၁၅၀ | ၄,၅၀၀ | ၄,၉၀၀ | ၄၅၀ | | ၁၀.၀၀၀ |
| | ရခိုင် | ၆၂,၀၀၀ | ၁၀,၀၀၀ | | | | ၅၀,၀၀၀ |
| | အခြား | မသိ/မရှိ | | | | | |
| ဦးတည်ထားသူများ | **ကချင်/ရှမ်း** | ၂၈,၇၂၈ | ၂,၃၆၅ | ၂၆၅ | | | ၆,၁၀၇ |
| | ရခိုင် | ၃၂,၁၈၀ | ၅,၂၅၄ | | | | ၁၈,၉၀၆ |
| | အခြား | မသိ/မရှိ | | | | | |
| ဘဏ္ဍာရေး လိုအပ်ချက်များ | **ကချင်/ရှမ်း** | အမေရိကန်ဒေါ်လာ ၂.၇ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၆.၃ သန်း | | | | | |
| | အခြား | မသိ/မရှိ | | | | | |

အကူအညီလိုအပ်နေသူများ

**၈၄၁,၂၂၃**

ရခိုင်: ၂၅၂,၀၀၀
ကချင်/ရှမ်း: ၁၂၉,၈၃၇
ရေဘေး: ၄၅၉,၃၈၆

ဦးတည်ထားသူများ

**၇၇၉,၂၂၃**

ရခိုင် : ၁၉၂,၀၀၀
ကချင်/ရှမ်း :၁၂၇,၈၃၇
ရေဘေး: ၄၅၉,၃၈၆

လိုအပ်ချက်များ (US$)

**၈၀.၂ သန်း**

ရခိုင် : ၃၄.၇ သန်း
ကချင်/ရှမ်း : ၂၁.၃ သန်း
ရေဘေး: ၂၄.၂ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၃၄**

စားနပ်ရိက္ခာဖူလုံမှု ဦးတည်ချက် ၁:

၁ စားနပ်ရိက္ခာနှင့် ငွေကြေးအထောက်အပံ့ကို လုံလောက်စွာ လက်လှမ်းမီစေခြင်း

**SO 1 နှင့်သက်ဆိုင်သည်**

စားနပ်ရိက္ခာဖူလုံမှု ဦးတည်ချက် ၂:

၂ ဘေးဒဏ်သင့်လူထု၏ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးနှင့် ဒဏ်ခံနိုင်ရည် ကောင်းမွန်ရေး

**SO 1 နှင့်သက်ဆိုင်သည်**

# စားနပ်ရိက္ခာ ဖူလုံရေး

**စားနပ်ရိက္ခာနှင့် ငွေကြေးအထောက်အပံ့ကို လုံလောက်စွာ လက်လှမ်းမီစေခြင်း**

ကချင်/ရှမ်းပြည်နယ်များတွင် အစိုးရထိန်းချုပ်မှုနယ်မြေအတွင်းနှင့် ပြင်ပဒေသများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ ပုံမှန်သွားလာနိုင်ပါကစခန်းများနှင့် ရပ်ရွာခံမိသားစုထံရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၀၇,၁၄၃ ထံ စားနပ်ရိက္ခာ အကူအညီ ဆက်လက်ပေးအပ်သွားမည်။ အသက်နှစ်နှစ်အောက် ကလေးများနှင့် နို့တိုက်မိခင်များကို အာဟာရမှုန့်များ ဖြန့်ဖြူးပေးသွားမည်။ ဖြန့်ဝေမှုအလွန် စောင့်ကြည့်လေ့လာမှု ရလာဒ်များအရ အချို့သောမိသားစုများ အနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ/ဝင်ငွေရရှိသော လုပ်ငန်းများကို လက်လှမ်းမီမှုရှိကြသည်ဆိုသော်လည်း ထိုဝန်ဆောင်မှုများအား လက်လှမ်းမီမှု အကြိမ်ရေနှင့် ဝင်ငွေပမာဏမှာ မိသားစုတစ်ခုနှင့် တစ်ခု မတူညီကြပေ။ ရေရှည်ပြေလည်စေမည့် နည်းလမ်း တိုးပွားလာပါက စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ အနေဖြင့် နေရပ်ပြန်/ ပြန်လည်နေရာချ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ၎င်းတို့ ဆန္ဒအလျောက် နေရပ်ပြန်၊ အခြေချမှုကို ထောက်ပံ့ရန် အကူအညီများ ပေးအပ်သွားမည်။

ရခိုင်ပြည်နယ်တွင် စစ်တွေနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့မှ နေရပ်စွန့်ခွာသူ အများစုမှာ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းမရှိခြင်း၊ လှုပ်ရှားသွားလာမှု ကန့်သတ်ခံရခြင်းနှင့် လုံခြုံရေးပြဿနာများကြောင့် အသက်ကယ် စားနပ်ရိက္ခာအကူအညီအပေါ် လုံးဝ မှီခိုနေရသည်။ ၂၀၁၆ ခုနှစ်တွင် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့များက ယာယီစခန်းများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၁၀၃,၀၀၀ ဦးထံ စားနပ်ရိက္ခာအကူအညီများ ဆက်လက်ပေးအပ်သွားမည်။ မောင်းတော၊ ဘူးသီးတောင်နှင့် ရသေ့တောင် တို့တွင် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများမှ လူ ၄၉,၀၀၀ ဦးတို့အား မေလမှ နိုဝင်ဘာလအတွင်း ရှားပါးရာသီတွင် အခြေခံစားသောက်ကုန်များ ပံ့ပိုးပေးသွားမည်။ ရခိုင်ပြည်နယ်အနှံ့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးများကို အာဟာရမှုန့်များ ဖြန့်ဖြူးပေးသွားမည်။

ရခိုင်၊ ကချင်နှင့်ရှမ်းတွင် ပဋိပက္ခဖြစ်ပွားမှု သုံးနှစ်မှ လေးနှစ်အထိ ကြာသည့် အခြေအနေဖြစ်လာပြီဖြစ်သည်။ စားနပ်ရိက္ခာကဏ္ဍသည် ဖြန့်ဝေမှုပုံစံ ပြောင်းလဲရေးနှင့် ကယ်ဆယ်ရေး အကူအညီ တဖြည်းဖြည်းလျှော့ချရေး ဖြစ်နိုင်ချေကို လေ့လာရန်အတွက် အကျိုးခံစားခွင့်ရသူဦးတည်ချက်နှင့် ကယ်ဆယ်ရေးအကူအညီ လိုအပ်ချက်ကို သုံးသပ်လျှက်ရှိသည်။ စားနပ်ရိက္ခာကဏ္ဍသည် ဒေသခံ အာဏာပိုင်များ၊ ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေး၍ စားနပ်ရိက္ခာအကူအညီနှင့် ငွေကြေး လွှဲပြောင်းပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်။

ရေဘေးဒဏ်အဆိုးဆုံးသင့်သည့် ပြည်နယ်/တိုင်းဒေသကြီး ခြောက်ခုတွင် စားနပ်ရိက္ခာကဏ္ဍသည် ပထမသုံးလပတ်အတွင်း လူ ၃၆,၈၀၀ အား ကယ်ဆယ်ရေးအကူအညီ၊ ပထမနစ်ဝက်အတွင်း လူ ၅၅,၀၀၀ အတွက် ဝင်ငွေဖန်တီးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်။

**ဘေးဒဏ်သင့်လူထု၏ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးနှင့် ဒဏ်ခံနိုင်ရည် ကောင်းမွန်ရေး**

စားနပ်ရိက္ခာအဖွဲ့များသည် ကချင်နှင့်ရှမ်းတွင် လူ၆၈,၉၀၀ဦးအတွက် ကယ်ဆယ်ရေးအကူအညီများ ဖြည်းဖြည်း လျှော့ချနိုင်ရန် အသက်မွေးဝမ်းကျောင်း အစီအစဉ်များကို ထောက်ပံ့ပေးရန် စီစဉ်သွားမည်။ ကဏ္ဍပေါင်းစုံ အကဲဖြတ်လေ့လာမှုများမှ တွေ့ရှိချက်များကို အသက်မွေးဝမ်းကျောင်းမှုကို လက်လှမ်းမီသည့် လူထုအား ဦးတည်ရန် အသုံးပြုသွားမည်။ စားနပ်ရိက္ခာအဖွဲ့များသည် ရေရှည် အသက်မွေးဝမ်းကျောင်း အစီအစဉ်များဖြင့် စားနပ်ရိက္ခာအပေါ် ကိုယ်တိုင်မှီခိုနိုင်မှုကို ဦးတည်သည့် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်။ ရခိုင်ပြည်နယ်တွင် အထူးသဖြင့် နေရပ်ပြန်သည့် ဒေသများ နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့ရှိ လူ ၁၄၅,၀၀၀ ဦးခန့်အတွက် စားနပ်ရိက္ခာ အကူအညီပေါ်မှီခိုမှုကို လျှော့ချနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ရေးအတွက် စခန်းများနှင့် ပတ်ဝန်းကျင်ရပ်ရွာများရှိ လူသားချင်းစာနာမှုလိုအပ်ချက်ကို ပိုမိုသိရှိနားလည်နိုင်ရေးကို အလေးပေးသွားမည်။

ရေဘေးဒဏ်သင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ အကြီး

အကျယ် ပျက်စီးသွားသည့်အတွက် စားနပ်ရိက္ခာအဖွဲ့များသည် ဇန်နဝါရီမှ ဇူလိုင်ထိ မိုးရာသီတွင် လူ ၄၆၀,၀၀၀ ဦးအား စိုက်ပျိုးရေးအထောက်အပံ့များ ပေးအပ်သွားမည်။


ဆက်သွယ်ရန်

**မာဆာအီ ရှိမိုမူရ**
masae.shimomura@wfp.org

**ခရစ္စတိုဖ် လူဘတန်**
christophe.loubaton@foodsecuritycluster.net


စားနပ်ရိက္ခာဖူလုံရေးအဖွဲ့များသည် ကချင်၊ ရှမ်းမြောက်နှင့် ရခိုင်ပြည်နယ်၊ ရေဘေးဒဏ်သင့် ဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသော အခြား ကဏ္ဍ/အစုအဖွဲ့များနှင့် ပိုမိုပေါင်းစပ်ညှိနှိုင်းပြီး အန္တရာယ်ကျရောက်လွယ်သူများအား စားနပ်ရိက္ခာဖူလုံရေး အကူအညီပေးရာတွင် ဘေးဒဏ်သင့်သူများအား တာဝန်ခံမှု၊ ကျားမညီမျှမှု၊ ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာပူးပေါင်းပါဝင်မှုနှင့် ငွေကြေးကို တန်ဖိုးရှိစွာအသုံးချမှုစသည့် ကိစ္စရပ်များကို ထည့်သွင်းဆောင်ရွက်သွားမည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် အာဟာရချို့တဲ့မှုကို တုံ့ပြန်ရန် အခြားသက်ဆိုင်ရာ ကဏ္ဍ/အစုအဖွဲ့များနှင့် အတူ ပူးပေါင်းမဟာဗျူဟာရေးဆွဲသွားမည်။

အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | | နေရပ်စွန့်ခွာတိမ်းရှောင်သူ | | နေရပ်မစွန့်ခွာသူ | | | |
|---|---|---|---|---|---|---|---|
| | ပြည်နယ်/တိုင်းဒေသကြီး | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့) မိမိ အစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံမိသားစုများ | နေရပ်ပြန်သူများ | ပြန်လည်အခြေချသော IDPs | ပဋိပက္ခဒဏ်သင့်သူများ | ရပ်ရွာခံ/ပတ်ဝန်းကျင် |
| အကူအညီလိုအပ်သူများ | **ကချင်/ရှမ်း** | ၁၀၅,၆၄၃ | ၁,၅၀၀ | ၁၀,၀၀၀ | ၆၉၄ | | ၁၂,၀၀၀ |
| | ရခိုင် | ၁၀၃,၀၀ | | | | ၄၉,၀၀၀ | ၁၀၀,၀၀၀ |
| | ရေဘေး: | ၄၅၉,၃၈၆ | | | | | |
| ဦးတည်ထားသူများ | **ကချင်/ရှမ်း** | ၁၀၅,၆၄၃ | ၁,၅၀၀ | ၈,၀၀၀ | ၆၉၄ | | ၁၂,၀၀၀ |
| | ရခိုင် | ၁၀၃,၀၀၀ | | | | ၄၉,၀၀၀ | ၄၀,၀၀၀ |
| | ရေဘေး: | ၄၅၀,၃၈၆ | | | | | |
| ဘဏ္ဍာရေးလိုအပ်ချက်များ | **ကချင်/ရှမ်း** | အမေရိကန်ဒေါ်လာ ၂၁.၃ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၃၄.၇ သန်း | | | | | |
| | ရေဘေး: | အမေရိကန်ဒေါ်လာ ၂၄.၂ သန်း | | | | | |

အကူအညီလိုအပ်နေသူများ

**၅၃၇,၇၇၂**

ရခိုင်: ၄၂၂,၁၇၇

ကချင်/ရှမ်း : ၁၁၆,၅၉၅

ဦးတည်ထားသူများ

**၅၃၇,၇၇၂**

ရခိုင်: ၄၂၂,၁၇၇

ကချင်/ရှမ်း: ၁၁၆,၅၉၅

လိုအပ်ချက်များ (US$)

**၂၂.၉ သန်း**

ရခိုင်: ၁၇.၈ သန်း

ကချင်/ရှမ်း: ၅.၁ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၁၉**

ကျန်းမာရေး ဦးတည်ချက် ၁:

**၁** သဘာဝဘေးနှင့် အခြား အရေးပေါ် အခြေအနေ ဘေးဒဏ်သင့်သူများ အတွက် အပါအဝင် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှု တိုးတက်စေခြင်း

**SO 1, SO 2, SO 3 နှင့် သက်ဆိုင်သည်**

# ကျန်းမာရေး

## သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဘေးဒဏ်သင့်သူများအတွက် အပါအဝင် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု တိုးတက်စေခြင်း

ကျန်းမာရေးစောင့်ရှောက်မှုကို ညီမျှစွာလက်လှမ်းမီမှု တိုးတက်ရေးမှာ ၂၀၁၅ ခုနှစ်တွင် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်လယ် လေ့လာစောင့်ကြည့်မှုအရ ရခိုင်ပြည်နယ်တွင် ကျန်းမာရေး အစု အဖွဲ့မှ ဦးတည်ထားသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၀၅,၀၀၀ အနက် ၆၃,၀၀၀ (၆၀ ရာခိုင်နှုန်း)သာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီပြီး ၎င်းတို့အနက် အများစုမှာ ထိုဝန်ဆောင်မှုများကို နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ်သာ လက်လှမ်းမီသည်။ ယင်းမှာ အဓိကအားဖြင့် (ရခိုင်တွင်) လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးအခက်အခဲများ၊ ကျန်းမာရေး စောင့်ရှောက်မှု/ ဆေးဝါးအရည်အသွေး မပြည့်မီမှုနှင့် ကျန်းမာရေးလုပ်ငန်းများကို ထောက်ပံ့သည့် ကျွမ်းကျင်ဝန်ထမ်းနည်းပါးမှု စသည်တို့ကြောင့်ဖြစ်သည်။

နေရပ်စွန့်ခွာတိမ်းရှောင်မှု နှစ်များကြာလာပြီးနောက် ကချင်/ရှမ်းနှင့်ရခိုင်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အများစုသည် ကျန်းမာရေးအစုအဖွဲ့ဝင်များ ပေးအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအပေါ် ဆက်လက်မှီခိုနေရဆဲဖြစ်သည်။ ၂၀၁၆ခုနှစ်တွင် အဓိကဦးတည်ချက်မှာ ပြည်နယ်ပိုင်ဆေးရုံများရှိ ဆင့်ပွား စောင့်ရှောက်မှုများထံ လွှဲပြောင်းပေးမှုအပါအဝင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အသက်ကယ် ကျန်းမာရေးအကူအညီများ ဆက်လက်ပေးအပ်သွားရန် ဖြစ်သည်။ ကျန်းမာရေးအစုအဖွဲ့အတွက် အဓိက ဦးစားပေး လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်။

- ရပ်ရွာခံမိသားစုများ အပါအဝင် ပဋိပက္ခနှင့် သဘာဝ ဘေးဒဏ်သင့်သူများအား အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း
- မသန်စွမ်းကလေးသူငယ်များအား ပိုမိုအလေးထား၍ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုအားကောင်းစေခြင်း
- ဆေးရုံတက်လူနာ၊ တစ်ပတ်တစ်ကြိမ်၊ လှေဖြင့် လွှဲပြောင်းခြင်းအပါအဝင် ဆေးရုံများသို့ လူနာ လွှဲပြောင်းရေးစနစ်များကို ပိုမိုကောင်းမွန်စေခြင်း
- အရည်အချင်းပြည့်မီသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား လေ့ကျင့်ပေးခြင်းဖြင့် ကျွမ်းကျင်ကျန်းမာရေးလုပ်သားရှားပါးမှုကို ဖြေရှင်းခြင်း
- ရောဂါစောင့်ကြည့်ရေးနှင့် တားဆီးရေးကို ပိုမိုအားကောင်းစေခြင်း
- ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးမှုကို ပံ့ပိုးခြင်း
- ကျားမအခြေပြုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံစားရသူများအား ကုသမှုပေးခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် သင်တန်းများ ဖော်ဆောင်ခြင်း
- ကူးစက်ရောဂါ ကာကွယ်တားဆီးရေး အတွက် ကျန်းမာရေးပညာပေးမှုများ ပိုမို အားကောင်းစေခြင်း
- ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး အစုအဖွဲ့၊ အာဟာရအစုအဖွဲ့ တို့နှင့် ပူးပေါင်း၍ တစ်ကိုယ်ရည် သန့်ရှင်းရေးအလေ့အထများနှင့် အာဟာရအလေ့အထကောင်းများ မြှင့်တင်ရေးကို ပေါင်းစပ် ညှိနှိုင်းခြင်း
- အကူအညီလိုအပ်နေသူများအနက် လက်ရှိ ထိခိုက်လွယ်သော အုပ်စုများ (အာဟာရ ချို့တဲ့သည့် ကလေးသူငယ်များနှင့် အုပ်ထိန်းသူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အခြား ထိခိုက်လွယ်သူများ) အား ဖြည့်စွက်အထောက်အပံ့များ ပေးခြင်းဖြင့် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုအထောက်အပံ့ ဝန်ဆောင်မှုများကို လက်လှမ်းမီမှု တိုးတက်စေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့် ကျားမအခြေပြု အကြမ်းဖက်မှုလွှဲပြောင်းပေးရေး နည်းလမ်းများ နှင့် ချိတ်ဆက်ခြင်း
- ကျန်းမာရေးအဖွဲ့များပေါ် မှီခိုနေရမှုကို လျှော့ချရန်အတွက် နေရပ်စွန့်ခွာတိမ်းရှောင်သူထံ အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့မှုကို ထောက်ပံ့ခြင်း

ဆက်သွယ်ရန်

**ဖဗလစ်မန်း**
novelo.myanmar@gmail.com

ကျန်းမာရေးအစုအဖွဲ့သည် ကုလသမဂ္ဂအေဂျင်စီများ၊ ICRC နှင့် IFRC၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ အပါအဝင် ကျန်းမာရေးအဖွဲ့ ၁၉ ဖွဲ့နှင့် လက်တွဲဆောင်ရွက်နေသည်။ အစုအဖွဲ့သည် ဝန်ဆောင်မှု နည်းပါးသည့် ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်တို့တွင် ၎င်းတို့၏ တုံ့ပြန်မှုစွမ်းရည် တိုးတက်လာမည်ဟု ရည်မှန်းထားသည်။ အစုအဖွဲ့သည် အာဟာရ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ယာယီစခန်း စီမံခန့်ခွဲရေး စသည့် အခြားကဏ္ဍ၊ အစုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရေးနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ ပိုမိုသွားလာဆောင်ရွက်ခွင့်ရရှိရေးအတွက် ဆက်လက် အသိပေးလှုံ့ဆော်သွားမည်။ ကျန်းမာရေးဝန်ကြီးဌာန အား ဗဟိုနှင့် ပြည်နယ်အဆင့်တွင် စောင့်ကြည့်ရေးနှင့် ကြိုတင်သတိပေးစနစ်များကို အားကောင်းစေရန် ဆက်လက် ပံ့ပိုးပေးပြီး ထိုအဆင့်များတွင် အစိုးရ အာဏာပိုင်များနှင့် ပုံမှန်သတင်းအချက်အလက် ဖလှယ်မှု၊ အပြန်အလှန်ဆက်သွယ်မှု အဆင်ပြေချောမွေ့ရေးတို့အတွက် အသိပေးလှုံ့ဆော်သွားမည်။ ပူးပေါင်း ဆောင်ရွက်မှုကိုအဆင်ပြေစေရန်နှင့် သဘာဝဘေး၊ အခြားအရေးပေါ်အခြေအနေ ဒဏ်သင့်သူများအတွက် အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီရေးတိုးတက်စေရန် ရန်ကုန်၊ စစ်တွေ၊ မြစ်ကြီးနားနှင့် နေပြည်တော် တို့တွင် ပုံမှန်အစည်းအဝေးများ ကျင်းပသွားမည်။

အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/ တိုင်း ဒေသကြီး | နေရပ်စွန့်ခွာတိမ်းရှောင်သူ | | နေရပ်မစွန့်ခွာသူ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့)မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံ မိသားစုများ | နေရပ်ပြန် သူများ | ပြန်လည် အခြေချ သော IDPs | ပဋိပက္ခဒဏ် သင့်သူများ | ရပ်ရွာခံ/ ပတ်ဝန်း ကျင် |
| အကူအညီ လိုအပ်သူများ | **ကချင်/ရှမ်း** | ၈၇,၇၂၈ | ၈,၇၀၀ | | ၁၆၇ | | ၂၀,၀၀၀ |
| | ရခိုင် | ၁၂၃,၆၉၃ | ၂၀,၁၉၄ | | | ၁၇၇,၁၉၀ | ၁၀၀,၀၀၀ |
| | အခြား | မရှိ/မသိ | | | | | |
| ဦးတည်ထား သူများ | **ကချင်/ရှမ်း** | ၈၇,၇၂၈ | ၈,၇၀၀ | | ၁၆၇ | | ၂၀,၀၀၀ |
| | ရခိုင် | ၁၂၃,၆၉၃ | ၂၀,၁၉၄ | | | ၁၇၇,၂၉၀ | ၁၀၀,၀၀၀ |
| | အခြား | မရှိ/မသိ | | | | | |
| ဘဏ္ဍာရေး လိုအပ်ချက်များ | **ကချင်/ရှမ်း** | အမေရိကန်ဒေါ်လာ ၅.၁ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၁၇.၈ သန်း | | | | | |
| | အခြား | မရှိ/မသိ | | | | | |

အကူအညီလိုအပ်နေသူများ

**၁၁၉,၀၀၀**

ရခိုင်: ၉၉,၇၅၀

ကချင်/ရှမ်း:၁၉,၂၅၀

ဦးတည်ထားသူများ

**၈၃,၄၀၀**

ရခိုင်: ၇၀,၇၅၀

ကချင်/ရှမ်း :၁၂,၆၅၀

လိုအပ်ချက်များ (US$)

**၈.၉ သန်း**

ရခိုင်: ၇.၅ သန်း

ကချင်/ရှမ်း : ၁.၄ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၁၀**

အာဟာရ ဦးတည်ချက် ၁:

**၁** ပြင်းထန်သော အာဟာရချို့တဲ့သူများအား ရှာဖွေကုသခြင်း

**SO 1, SO 2 နှင့် သက်ဆိုင်သည်။**

အာဟာရ ဦးတည်ချက် ၂:

**၂** အဓိကကျသော အာဟာရသီးသန့် ကာကွယ်ရေးဂန်ဆောင်မှုများကို အာဟာရအန္တရာယ်ကျရောက်လွယ်သူများ လက်လှမ်းမီစေခြင်း

**SO2 နှင့် သက်ဆိုင်သည်။**

## အာဟာရ

### ပြင်းထန်သော အာဟာရချို့တဲ့သူများအား ရှာဖွေကုသခြင်း

အာဟာရကဏ္ဍသည် အသက်ငါးနှစ်အောက် ကလေးသူငယ်များ၊ ကိုယ်ဂန်ဆောင်နှင့် နို့တိုက်မိခင်များ (PLW)၊ ကလေးသူငယ်အုပ်ထိန်းသူများအပါအဝင် အာဟာရမဖူလုံသူများအား အဓိကထားသည်။ ထို့ပြင် ရခိုင်ပြည်နယ်ရှိ အထူးသဖြင့် အခြေအနေ ဆိုးဂါးနေသည်မှာ နှစ်များစွာ ကြာနေပြီး ယခုအထိထိုအတိုင်းရှိနေသည့် မြောက်ပိုင်းမြို့နယ်များမှ ပြင်းထန်သော အာဟာရချို့တဲ့မှုအတွက် ကုသမှုလိုအပ်နေသည့် အသက် ၅-၉ နှစ်ရွယ် ကလေးသူငယ်များအားဦးစားပေးသည်။ လုပ်ငန်းများသည် ကာကွယ်မှု၊ ကုသမှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပေါင်းစပ်ညှိနှိုင်းရေး၊ ဒဏ်ခံနိုင်ရည် အားကောင်းစေရေးတို့ကို အလေးပေးပြီး ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ ဦးစားပေး လုပ်ငန်းများတွင် အာဟာရအခြေအနေ စောင့်ကြည့်ခြင်းနှင့် ရုတ်ချည်းအာဟာရချို့တဲ့မှုကို ပေါင်းစည်းကုသခြင်းတို့ ပါဂင်သည်။ တွေ့ရှိလာသော ပြင်းထန်သည့် အာဟာရချို့တဲ့မှု (SAM) နှင့် ပုံမှန်အာဟာရချို့တဲ့မှု (MAM) ခံစားနေရသူများကို အစာနှင့်ဆေးတိုက်ကျွေးမှု၊ ဖြည့်စွက်အစာကျွေးမွေးမှုတို့ ဆောင်ရွက်ပေးသွားမည်။

### အဓိကကျသော အာဟာရသီးသန့် ကာကွယ်ရေးဂန်ဆောင်မှုများကို အာဟာရအန္တရာယ်ကျရောက်လွယ်သူများ လက်လှမ်းမီစေခြင်း

အာဟာရစုံလင်သော ဖြည့်စွက်အစာများကို ကလေးသူငယ်များနှင့် ကိုယ်ဂန်ဆောင်၊ နို့တိုက်မိခင်များအား ပေးအပ်သွားမည်ဖြစ်ပြီး ကလေးသူငယ်များအနေဖြင့် ဗီတာမင်အေ နှင့် ပိုးသတ်ဆေးပြားများ ရရှိမည်။ ရင်သွေးငယ်နှင့် ကလေးငယ်နို့တိုက်ကျွေးမှု တိုင်ပင်ဆွေးနွေးခြင်း၊ အလေ့အထ ပြောင်းလဲရေး ဆက်သွယ်ပြန်ကြားမှု၊ လုံခြုံသော မိခင်နို့တိုက်ကျွေးသည့် နေရာများ တည်ထောင်ခြင်း၊ အစားအစာ ချက်ပြုတ် တိုက်ကျွေးမှု သရုပ်ပြခြင်းများစသည့် လုပ်ငန်းများဖြင့် သင့်လျော်သော ရင်သွေးငယ်နှင့် ကလေးသူငယ် အစားအစာ ကျွေးမွေးမှုအလေ့အထများကို မြှင့်တင်ထိန်းသိမ်းပေးမည်ဖြစ်သည်။

အာဟာရကဏ္ဍသည် အာဟာရချို့တဲ့စေသည့် လတ်တလောနှင့် အခြေခံ အကြောင်းရင်းများကို ဖြေရှင်းရန် ဆေးပေးခန်းနှင့် ရပ်ရွာအခြေပြုချဉ်းကပ်မှုပုံစံများဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် မတိမ်းရှောင်သူများထံ ရောက်ရှိရေးကို ဦးစားပေးသည်။ အစိုးရမှ ကာလအလိုက် ပေးအပ်သော အကူအညီများကို တတ်နိုင်သမျှ ပံ့ပိုးအထောက်အကူပြုရင်း မိန်းကလေးနှင့် ယောက်ျားလေးများ အာဟာရဂန်ဆောင်မှုများကို ညီမျှစွာ လက်လှမ်းမီစေရေး ဆောင်ရွက်သွားမည်။ လုပ်ငန်းများကို အချိန်နှင့်တပြေးညီ စောင့်ကြည့်လေ့လာအချက်အလက် ပေးနိုင်ရန် ကျား/မ ဂရုပြု အာဟာရစစ်တမ်းများနှင့် အကဲဖြတ်လေ့လာမှုများ ပြုလုပ်သွားမည်။ ယင်းတို့က ကဏ္ဍ၏ အာဟာရဆိုင်ရာ သတင်းအချက်အလက်စနစ်တွင် ရရှိနိုင်သော ပုံမှန် စီမံကိန်းအချက်အလက်များကို အထောက်အကူပြုနိုင်မာစေမည်ဖြစ်သည်။

ကချင်/ရှမ်းတွင် အစိုးရထိန်းချုပ်သည့်နယ်မြေပြင်ပ ဒေသများကို ခြိုင်မိမှု နိမ့်ပါးနိုင်သည်ဟု ယူဆရသည်။ အလားတူ ရခိုင်ပြည်နယ် အချို့နေရာများတွင်လည်း လုပ်ငန်းဆောင်ရွက်ခွင့်ရသည့် မိတ်ဖက်အဖွဲ့နည်းပါးမှုနှင့် ဘေးဒဏ်သင့်အသိုင်းအဝိုင်းကို လက်လှမ်းမီရန်ခက်ခဲမှုတို့ကြောင့် ခြိုင်မိမှု နည်းပါးသည်။ အာဟာရအဖွဲ့များသည် မိမိတို့လုပ်ငန်းများကို ပဋိပက္ခ ဂရုထား၍ အန္တရာယ်မဖြစ်စေရေးနည်းလမ်းနှင့် အကောင်အထည်ဖော်ရင်း လူထုအသိုင်းအဝိုင်း လက်ခံမှု တိုးလာစေရန် ဆောင်ရွက်သွားမည်။

အာဟာရကဏ္ဍသည် လူသားချင်းစာနာမှုဆိုင်ရာ အာဟာရလုပ်ငန်းများကို ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်များနှင့် ချိတ်ဆက်ရေး ဆက်လက်ကြိုးပမ်းသွားမည်။ မြန်မာနိုင်ငံ အာဟာရဆိုင်ရာကွန်ယက် (Myanmar Nutrition Technical Network) သည် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစည်းပေးမည့် အရေးပါသော စကြန့်တစ်ခုအဖြစ် ဆက်လက်ရှိနေမည်။

ရေဘေးတုံ့ပြန်မှုအဖြစ် အာဟာရကဏ္ဍသည် အာဟာရသီးသန့်နှင့် သတိထားရန်လိုသော ညွှန်ကိန်းများကို ကဏ္ဍများကြား စစ်ဆေးအတည်ပြုမှုကို ပိုမိုအားကောင်းစေမည်။ အာဟာရအခြေအနေအပေါ် ကျန်းမာရေးခြုံငုံမိမှု နည်းပါးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဝန်ဆောင်မှုများ မလုံလောက်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှုတို့က သက်ရောက်မှုရှိသည့်အလျောက် ကျန်းမာရေးနှင့် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး အစုအဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေး ကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးပေးသွားမည်။


ဆက်သွယ်ရန်

**မာတင် အက်(က်)လန်**
meklund@unicef.org


အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/တိုင်းဒေသကြီး | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | | နေရပ် မစွန့်ခွာသူများ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာ များ (သို့)မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံ မိသားစုများ | နေရပ်ပြန် သူများ | ပြန်လည်အခြေချသော IDPs | ပဋိပက္ခဒဏ် သင့်သူများ | ရပ်ရွာခံ/ ပတ်ဝန်းကျင် |
| အကူအညီ လိုအပ်နေသူများ | **ကချင်/ရှမ်း** | ၁၁,၈၅၀ | ၁,၂၀၀ | ၁,၃၅၀ | ၁၀၀ | ၂,၀၅၀ | ၂,၇၀၀ |
| | ရခိုင် | ၂၅,၀၀၀ | ၄,၀၀၀ | - | - | ၅၀,၉၀၀ | ၁၉,၈၅၀ |
| | အခြား | | | | | | |
| ဦးတည်ထားသူများ | **ကချင်/ရှမ်း** | ၈,၃၀၀ | ၈၀၀ | ၇၀၀ | ၁၀၀ | ၁,၄၀၀ | ၁,၃၅၀ |
| | ရခိုင် | ၂၂,၄၀၀ | ၂,၈၀၀ | - | - | ၃၅,၆၅၀ | ၉,၉၀၀ |
| | အခြား | မသိ/မရှိ | | | | | |
| ဘဏ္ဍာရေး လိုအပ်ချက်များ | **ကချင်/ရှမ်း** | အမေရိကန်ဒေါ်လာ ၁.၄ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၇.၅ သန်း | | | | | |
| | အခြား/ရေဘေး | မသိ/မရှိ | | | | | |

အကူအညီလိုအပ်နေသူများ

**၃၀၀,၈၁၅**

ရခိုင်:၁၈၃,၈၈၇
ကချင်/ရှမ်း: ၁၁၆,၉၂၈

ဦးတည်ထားသူများ

**၂၁၇,၀၃၆**

ရခိုင်: ၁၄၈,၈၈၇
ကချင်/ရှမ်း: ၆၈,၁၄၉

လိုအပ်ချက်များ (US$)

**၂၇.၅သန်း**

ရခိုင်: ၁၄.၆ သန်း
ကချင်/ရှမ်း : ၁၂.၉ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၂၆**

ကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက် ၁:

**၁** ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေခြင်း

**SO 1, SO 2, SO 3 နှင့် သက်ဆိုင်သည်။**

ကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက် ၂:

**၂** စိတ်ပိုင်းသာယာမှု၊ ရုပ်ပိုင်းနှင့် ဥပဒေပိုင်း လုံခြုံမှုကို ခြိမ်းခြောက် မှုများအား လျော့ပါးစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်သော ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေခြင်း

**SO 1, SO 2, SO 3 နှင့် သက်ဆိုင်သည်။**

# ကာကွယ်စောင့်ရှောက်ရေး

## ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများနှင့် ပတ်ဝန်းကျင်ပိုမိုကောင်းမွန်စေခြင်း

ကာကွယ် စောင့်ရှောက်ရေးကဏ္ဍ၏ ၂၀၁၅ခုနှစ် အတွက် ဦးတည်ချက်မှာ ဘေးဒဏ်သင့်သူများအတွက် ကာကွယ်စောင့်ရှောက်ရေး ပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်နှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုနှင့် အရည် အသွေး ပိုမို ကောင်းမွန်လာစေရန် ဖြစ်သည်။ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍသည် လက်ရှိ လူသားချင်း စာနာမှု တုံ့ပြန်ရေးတွင် ကာကွယ်စောင့်ရှောက်ရေးအရေးပါမှုနှင့် အစောပိုင်းကာလ ပြန်လည်ထူထောင် ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တုံ့ပြန်မှုတို့ထံ ကူးပြောင်းမှုကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဘက်စုံကာကွယ်စောင့်ရှောက်ရေး ဆန်းစစ်လေ့လာမှု၊ အခွင့်အရေးအခြေပြု အသိပေး လှုံ့ဆော်မှု၊ အားလုံးပါဝင်သော ချဉ်းကပ်မှုများနှင့် ပိုမိုမိတ်ဖက်ဖွဲ့ဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက် သွားမည်။ အထက်ပါ ရည်မှန်းချက်များအရ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍ၏ အဓိကလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်။

၁။ စိုးရိမ်ရသူများအား လွှဲပြောင်းပေးမှုများအပါအဝင် အရည်အသွေးပြည့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများပေးခြင်း

၂။ အရည်အသွေးပြည့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများပေးရန် အစိုးရ၏ စွမ်းရည်ကို မြှင့်တင်ပေးပြီး လူထုအသိုင်းအဝိုင်းအား ထောက်ပံ့ခြင်း

၃။ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်၊ လုံခြုံသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန်၊ ဝန်ဆောင်မှု များအား လက်လှမ်းမီမှု အဆင်ပြေစေရန်တို့အတွက် အစိုးရ၊ အခြားသက်ဆိုင်သူများနှင့် သတင်း အချက်အလက်မျှဝေမှု၊ အဖြေပါသော အခွင့်အရေးအခြေပြု အသိပေးလှုံ့ဆော်မှု တို့ ဆောင်ရွက်ခြင်း

၄။ ကျား/မအခြေပြုအကြမ်းဖက်မှုနှင့် (လူကုန်ကူးမှုအပါအဝင်) အန္တရာယ်များသော ရွှေ့ပြောင်း သွားလာမှု အလေ့အထများကို တားဆီးရန်အတွက် ရပ်ရွာလူထု စွမ်းရည်နှင့် ကွန်ယက်များ ပိုမို ကောင်းမွန်စေခြင်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းစေခြင်း

၅။ အထွေထွေ လူသားချင်းစာနာမှု တုံ့ပြန်ရေးပိုမိုကောင်းမွန်စေရန် ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်း ဆောင်ရွက်မှု တိုးမြှင့်ခြင်း

၆။ အနုတ်သဘောဆောင်သော ပြဿနာဖြေရှင်းမှုစနစ်များကို တားဆီး၍ ဒဏ်ခံနိုင်ရည်ကို မြှင့်တင်ပေးရန် ဆယ်ကျော်သက် ယောကျ်ားလေး၊ မိန်းကလေးများကို ဦးတည်သည့် စီမံကိန်းရေးဆွဲမှုကို အားကောင်း စေခြင်း (ပညာရေးကဏ္ဍနှင့်ချိတ်ဆက်မှု ပိုမိုကောင်းမွန်စေခြင်း)

၇။ နေရာအသီးသီးရှိ အာဏာပိုင်များ၊ ရပ်ရွာလူထုနှင့် သက်ဆိုင်သူများ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေရှည်ဖြေရှင်းရန်နည်းလမ်းများ ရရှိနိုင်မည့် နည်းလမ်းကို ထောက်ပံ့ပေးခြင်း

၈။ ပူးတွဲဆန်းစစ်လေ့လာမှုနှင့် တုံ့ပြန်ရေးတို့ကို ထောက်ပံ့ရန် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပြီး စနစ်တကျ စောင့်ကြည့်လေ့လာခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာကို ထိန်းသိမ်း အကောင်အထည် ဖော်ခြင်း။

ရခိုင်ပြည်နယ်မှကာကွယ်စောင့်ရှောက်ရေး ဆန်းစစ်လေ့လာချက်အရ တွေ့ရသော အန္တရာယ် ကျရောက် နိုင်ချေ မြင့်မားသည့်အုပ်စုများ အကြမ်းဖက်ခံရမှု အန္တရာယ်လျော့ပါးရေးအတွက် အသက်မွေးဝမ်းကျောင်း မှု အခွင့်အလမ်းများ ပိုမိုဖော်ထုတ်ရေး၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အကူအညီများ ပိုမို အားကောင်းစေရေး၊ ဆယ်ကျော်သက် ယောကျ်ားလေးနှင့် မိန်းကလေးများအား ဦးတည်သောလုပ်ငန်းများ စသည်တို့ကို အဓိက လုပ်ငန်းအစီအစဉ်များအဖြစ် ဖော်ထုတ်ထားသည်။ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍသည် ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ညီမျှလုံခြုံစွာ လက်လှမ်း မီရေးကို ထောက်ပံ့ရန်၊ နေရပ်ပြန်ရေး နှင့် ပြန်လည်နေရာချထားရေးအတွက် အစိုးရစီမံကိန်းကို ကာကွယ် စောင့်ရှောက်ရေးလမ်းညွှန်မှုပေးရန် အစိုးရ၊ လူထုအသိုင်းအဝိုင်းနှင့် အဖြေထုတ်ပေးမည့် အသိပေး လှုံ့ဆော်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းကို ပိုမိုအားကောင်းစေရန် ဆက်လက် ဆောင်ရွက်သွားမည်။ နေရပ် စွန့်ခွာတိမ်းရှောင်သူများနှင့် နိုင်ငံသားဖြစ်ခွင့် မသေချာသူများအတွက် ခွဲခြားဆက်မှုများ အဆုံးသတ်

ဆက်သွယ်ရန်

**ဆာရာ ခန်း**

khansar@unhcr.org

စေရေးကို အထောက်အကူဖြစ်စေမည့် စာရွက်စာတမ်း များအား လက်လှမ်းမီမှုကို မြှင့်တင်ပေးရန်အတွက် အစိုးရအား ထောက်ပံ့ပေးသွားမည်။

ကချင်/ရှမ်းတွင် ရေရှည်နှင့် လတ်တလော ပဋိပက္ခအတွင်း အကြမ်းဖက်မှုက အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ထင်ရှားသော သက်ရောက်မှုများ ရှိသည်ဟု အထောက်အထားများက ညွှန်ပြနေသည်။ ယင်းခြိမ်းခြောက်မှုများကို လျှော့ချရေးအတွက် လက်နက်ကိုင် ပဋိပက္ခအတွင်း စစ်မှုထမ်းအဖြစ် အသုံးပြုခံရသူများအပါအဝင် ဆက်ကျော်သက်များနှင့် ကလေးသူငယ်များအတွက် အထောက်အပံ့များ ပါဝင်သော ပြည့်စုံသည့် ကျားမအခြေပြုအကြမ်းဖက်မှု နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံကိန်းများ ဖော်ဆောင်ရန် ပူးတွဲ ဆောင်ရွက်မှုများ လိုအပ်သည်။

ပြည်သူများအား တိုးမြှင့်ကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့များနှင့် ပြည်ထောင်စု၊ ပြည်နယ်အဆင့်များတွင် ဆက်လက်အသိပေးလှုံ့ဆော်သွားမည်။ ကဏ္ဍအနေဖြင့် ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ရေးစနစ်များဖြင့် အကြမ်းဖက်မှုအန္တရာယ် တုံ့ပြန်လျှော့ချရေးအတွက် ရပ်ရွာအခြေပြုအဖွဲ့စည်းများ (CBO) များနှင့် ဘေးဒဏ်သင့် လူထုအသိုင်းအဝိုင်း၏ ဒဏ်ခံနိုင်ရည်နှင့် စွမ်းရည်အားကောင်းစေရေး စီစဉ်ဆောင်ရွက်သွားမည်။ ပဋိပက္ခဒဏ်နှင့် ရေဘေးဒဏ်သင့်သည့် ဒေသများတွင် လက်ရှိအခြေအနေအရ နိုင်ငံတကာ စံနှုန်းများနှင့်အညီ အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖြေရှင်းရန်နည်းလမ်း ပုံစံများသို့ အကူးအပြောင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်။ မိုင်းအန္တရာယ် ပညာပေးရေးနှင့် ဘေးဒဏ်သင့်သူများအား အကူအညီပေးရေး အပါအဝင် မိုင်း/စစ်အတွင်း ပေါက်ကွဲပစ္စည်းလက်ကျန်တို့နှင့် ပတ်သက်သော စီမံကိန်းများကို ဆက်လက် အလေးပေး ဆောင်ရွက်ရန် လိုအပ်သည်။

အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/တိုင်း ဒေသကြီး | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | | နေရပ် မစွန့်ခွာသူများ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာများ(သို့) မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံ မိသားစု များ | နေရပ်ပြန် သူများ | ပြန် လည် အခြေ ချသော IDPs | ပဋိပက္ခ ဒဏ် သင့်သူများ | ရပ်ရွာခံ/ ပတ်ဝန်းကျင် |
| အကူအညီ လိုအပ်နေသူများ | ကချင်/ရှမ်း | ၈၇,၇၂၈ | ၈,၇၀၀ | | ၅၀၀ | | ၂၀,၀၀၀ |
| | ရခိုင် | ၁၂၃,၆၉၃ | ၂၀,၁၉၄ | | | ၄၀,၀၀၀ | |
| | အခြား | မသိ/မရှိ | | | | | |
| ဦးတည်ထား သူများ | ကချင်/ရှမ်း | ၆၈,၁၄၉ | | | | | |
| | ရခိုင် | ၁၂၃,၆၉၃ | ၅,၁၉၄ | | | ၂၀,၀၀၀ | |
| | အခြား | မသိ/မရှိ | | | | | |
| ဘဏ္ဍာရေး လိုအပ်ချက်များ | ကချင်/ရှမ်း | အမေရိကန်ဒေါ်လာ ၁၂.၉ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၁၄.၆ သန်း | | | | | |
| | အခြား/ ရေဘေး | မသိ/မရှိ | | | | | |

အကူအညီ လိုအပ်နေသူများ

**၂၄၀,၃၁၅**

ရခိုင်: ၁၄၃,၈၈၇

ကချင်/ရှမ်း : ၉၆,၄၂၈

ဦးတည်ထားသူများ

**၂၀၈,၈၂၆**

ရခိုင်: ၁၂၁,၀၉၈

ကချင်/ရှမ်း : ၈၇,၇၂၈

လိုအပ်ချက်များ (US$)

**၁၆.၇သန်း**

ရခိုင်: ၉.၇ သန်း

ကချင်/ရှမ်း: ၇ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၃၇**

ယာယီစခန်း ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး CCCM ဦးတည်ချက် ၁:

၁ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှု ပေးအပ်မှုတို့ကို ထောက်ပံ့ခြင်း

**SO 2 နှင့် သက်ဆိုင်သည်။**

မှီခိုရာနေရာ/ အစားအစာ မဟုတ်သော ပစ္စည်းများ ဦးတည်ချက် ၂:

၂ မှီခိုရာနေရာ/NFI များပေးအပ်ခြင်းဖြင့် ဂုဏ်သိက္ခာ၊ လုံခြုံရေးနှင့် ပုဂ္ဂလိက လွတ်လပ်မှု တို့ကို ကာကွယ် စောင့်ရှောက်ခြင်း

**SO 1, SO 2, SO 3 နှင့် သက်ဆိုင်သည်။**

# စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ (NFI)/ ယာယီစခန်း ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (CCCM)

**CCCM - စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှု ပေးအပ်မှုတို့ကို ထောက်ပံ့ခြင်း** - ကချင်နှင့် ရှမ်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများ နေရပ်စွန့်ခွာတိမ်းရှောင်မှု ပဉ္စမနှစ်အတွင်း ဝင်လာပြီဖြစ်၍ စခန်းများအား မျှမျှတတ စီမံခန့်ခွဲပြီး ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို လျှော့ချကာ ကဏ္ဍလုပ်ငန်းများကို အဆင်ပြေစေရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများရှိစေရန် ယာယီစခန်းစီမံခန့်ခွဲရေး ကော်မတီများ၏ စွမ်းရည်မြှင့်တင်ရေး နှင့် ယာယီစခန်းစီမံခန့်ခွဲရေး အေဂျင်စီများအား စွမ်းရည် တိုက်ရိုက်ပံ့ပိုးမှုတို့ကို အထူးအလေးပေးသွားမည်။ အစုအဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဖြည့်စွက်စွမ်းရည်များရရှိခဲ့ပြီး သင်တန်းများ တိုးချဲ့နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကျား/မ ညီမျှမှု ပိုမိုတိုးတက်ရေးအပါအဝင် သီအိုရီကို လက်တွေ့အဖြစ်ပြောင်းလဲရပေမည်။ ရခိုင်ပြည်နယ်တွင် မဟာဗျူဟာ ဦးစားပေးလုပ်ငန်းများမှာ (၁) (ယာယီစခန်းစီမံခန့်ရေးအေဂျင်စီများ/ ကဏ္ဍများအကြား သတင်းအချက်အလက် ဝေမျှခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ဆန်းစစ်လေ့လာခြင်း အပါအဝင်) နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီသော လိုအပ်ချက်ကို တုံ့ပြန်သည့် ကောင်းမွန်စွာ စီမံခန့်ခွဲထားသော လူသားချင်းစာနာမှုအကူအညီ (၂) ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ချဉ်းကပ်မှုပုံစံများ (၃) နေရပ်ပြန်ရေး သို့မဟုတ် ပြန်လည်နေရာ ချထားရေးများ ဖြစ်လာသည့်အခါ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အချိန်အတိုင်းအတာ တစ်ခုအတွင်း မိမိတို့ဘဝ ပြန်လည်တည်ဆောက်ရန်နှင့် လူမှုဘဝ ဟန်ချက်ညီရေးကို ပံ့ပိုးပေးနိုင်ရန် အသင့်ပြင်ဆင်ပေးရေး တို့ ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဦးစားပေးစခန်းတချို့၌ စခန်းစီမံခန့်ခွဲရေး ကော်မတီများတွင် အမျိုးသမီးများ ပိုမိုကိုယ်စားပြုလာသည့် အပြောင်းအလဲကို တွေ့ရသော်လည်း ကျား/မ ညီမျှမှုမှာ စိန်ခေါ်မှုတစ်ခု ဖြစ်နေသေးကာ ၂၀၁၆ တွင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ရခိုင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား နေရပ်စွန့်ခွာ တိမ်းရှောင်မှုအလွန်ဘဝအတွက် ပြင်ဆင်ပေးရန် အသက်မွေးဝမ်းကျောင်း ချဉ်းကပ်မှုနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ရေးအတွက် ကချင်/ရှမ်းတို့တွင် လွန်ခဲ့သည့် ၃ နှစ်အတွင်း အောင်မြင်ခဲ့သော ယာယီစခန်းအချက်အလက်ပြုစုခြင်းကို ဆောင်ရွက်ချိန် တန်ပြီဖြစ်သည်။ ယင်းမှာ ကျားမအခြေပြု အကြမ်းဖက်မှု အန္တရာယ်ရှိသည့် အမျိုးသမီးများအပါအဝင် အန္တရာယ်ကျရောက်လွယ်သူများအား ဖော်ထုတ်ရန် အခွင့်အလမ်းတစ်ခု လည်းဖြစ်သည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀-၃၀,၀၀၀ ခန့် ကိုယ်တိုင်ဦးဆောင် ဆောက်လုပ်သော အိမ်ယာစီမံကိန်းမှ အကျိုးခံစားခွင့်ရထားပြီး ၂၀၁၅ တွင် မူလယာယီစခန်း (သို့မဟုတ် ယာယီစခန်းကဲ့သို့ နေရာများ) ၆၇ ခုအနက် ဦးစားပေးစခန်းလေးခု အပါအဝင် ၃၀ခုကို ပိတ်သိမ်းခဲ့ပြီး ယာယီစခန်း ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ ၂၀၁၆ နှစ်ဦးပိုင်းတွင် စခန်း ၄၀ ခန့် ကျန်ရှိနေသေးသည်။ အခြေအနေကို ပုံမှန်တည်ငြိမ်စေရန်အတွက် ဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် အစိုးရစနစ်များမှ ဝန်ဆောင်မှုပေးရန်အတွက် အသိပေးနှိုးဆော်မှု ပါဝင်သင့်သည်။

**မှီခိုရာနေရာ/စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ - မှီခိုရာနေရာ/ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ ပေးအပ်ခြင်းဖြင့် ဂုဏ်သိက္ခာ၊ လုံခြုံရေးနှင့် ပုဂ္ဂလိကလွတ်လပ်မှု တို့ကို ကာကွယ်စောင့်ရှောက်ခြင်း**

ကချင်/ရှမ်းတွင် စံနှုန်းမမီ သို့မဟုတ် သက်တမ်းကုန်ခါနီးနေပြီဖြစ်သော ယာယီ မှီခိုရာနေရာများ အစားထိုး/ အဆင့်မြှင့်/ ပြင်ဆင်ရန် ဆက်လက်လိုအပ်နေသည်။ တိုးတက်မှုအလားအလာ နည်းပါးသော်လည်း တစ်ပြိုင်တည်းတွင် ကိုယ်ပိုင်အိမ်ယာ တည်ဆောက်ပေးရေးကိုလည်း ဆောင်ရွက်ရမည်။ စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ လိုအပ်ချက်များကို အစုံ ဖြန့်ဝေမှုများဖြင့် ဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် အစုအဖွဲ့အနေဖြင့် အန္တရာယ်ကျရောက်လွယ်သူများ/ **နေရပ်စွန့်ခွာ တိမ်းရှောင်မှုအသစ်များအတွက်** လက်ကျန်လိုအပ်ချက်များ ဖြည့်ဆည်းရေးကို အဓိကထားသွားမည်။ ၂၀၁၅တွင် အပြုသဘောဆောင်သော အပြောင်းအလဲမှာ ယာယီစခန်းစီမံခန့်ခွဲရေး စနစ်များဖြင့် ယာယီမှီခိုရာနေရာများကို နေရပ်စွန့်ခွာတိမ်းရှောင်သူများက ဂရုစိုက်ထိန်းသိမ်းမှုဖြစ်သည်။ ကျား/မ ဆွေးနွေးတိုင်ပင်မှုအတွက် ပိုမိုနေရာရနိုင်သော အကျိုးကျေးဇူးရှိသည့် ဒီဇိုင်းပုံစံကို ၂၀၁၆

ဆက်သွယ်ရန်

**အက်ဒ်ဂပ် ဘင်ဆင်**
benson@unhcr.org

ခုနစ်တွင် ချဲ့ထွင်သွားနိုင်သည်။ ရခိုင်ပြည်နယ်တွင် ယာယီမှီခိုရာနေရာများ အခြေခံ ပြုပြင်ထိန်းသိမ်းမှု ဆက်လက်ဆောင်ရွက်နေသလို နှစ်နှစ်သက်တမ်းအတွက် ပုံထုတ်ထားသော အိမ်များမှာ ဟောင်းနွမ်းနေပြီဖြစ်ရာ ၂၀၁၅ ခုနှစ်က စတင်ခဲ့သည့် ကိုယ်ပိုင်အိမ်ယာများ ဆောက်လုပ်ရေးကို ဆက်လက် အထောက်အကူပေးရန်မှာ ဦးစားပေးလုပ်ငန်းဖြစ်သည်။ အရှိန်ရနေပြီဖြစ်သည့် အလျောက် ရခိုင်ပြည်နယ်အစိုးရက ၂၀၁၆ ခုနှစ်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်မိသားစု နောက်ထပ်ထောင်ပေါင်းများစွာကို အကူအညီပေးသွားမည်။ ၂၀၁၅ ခုနှစ်နှင့်ပေါင်း၍ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၄၀-၅၀,၀၀၀ ခန့် အကျိုးခံစားရမည်ဖြစ်ပြီး အနည်းဆုံး သုံးပုံတစ်ပုံ နေရပ်စွန့်ခွာ တိမ်းရှောင်မှုကို အဆုံးသတ်ရန် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ရေရှည်ပြေလည်စေမည့် နည်းလမ်းများဆီသို့ ဦးတည်သွားပေမည်။ နှစ်လယ်သုံးသပ်မှုသည် အစိုးရစီမံကိန်းတိုးတက်မှုကို အကဲဖြတ်လေ့လာရန် အခွင့် အလမ်းတစ်ခုဖြစ်ပေမည်။ ကိုယ်တိုင်တည်ဆောက်သောပုံစံသည် ဆွေးနွေးတိုင်ပင်မှု၊ စီမံကိန်းရေးဆွဲမှု၊ အိမ်ယာအဖြေများပေးအပ်မှုတို့အတွင်း ကျား/မ အသိပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးရှိသည်။ ၂၀၁၄ ခုနှစ် နှင့်စာလျှင် လူ ၅၀,၀၀၀ အား ကူညီခဲ့သည့် ၂၀၁၅ ခုနှစ်က အောင်မြင်မှုများ ရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် အချို့နေရာများ၌ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ အစုံ ဖြန့်ဝေမှုများ လိုအပ်နေသေးသည်။

ရေဘေးဒဏ်သင့်သူများ - ရေဘေးဒဏ်သင့်ဒေသများတွင် ရေရှည်နေရပ်စွန့်ခွာမှု အရေအတွက်မှာ နေရပ်စွန့်ခွာသူစုစုပေါင်း၏ အလွန် သေးငယ်သော ရာခိုင်နှုန်းသာရှိသော်လည်း အစုအဖွဲ့အနေဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်သွားမည်။

အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/တိုင်းဒေသကြီး | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | | နေရပ် မစွန့်ခွာသူများ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့)မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံမိသားစုများ | နေရပ်ပြန်သူများ | ပြန်လည်အခြေချသော IDPs | ပဋိပက္ခဒဏ်သင့်သူများ | ရပ်ရွာခံ/ပတ်ဝန်းကျင် |
| အကူအညီလိုအပ်သူများ | ကချင်/ရှမ်း | ၈၇,၇၂၈ | ၈,၇၀၀ | | | | |
| | ရခိုင် | ၁၂၃,၆၉၃ | ၂၀,၁၉၄ | | | | |
| | အခြား | | | | | | |
| ဦးတည်ထားသူများ | ကချင်/ရှမ်း | ၈၇,၇၂၈ | | | | | |
| | ရခိုင် | ၁၂၁,၀၉၈ | | | | | |
| | အခြား | | | | | | |
| ဘဏ္ဍာရေးလိုအပ်ချက်များ | ကချင်/ရှမ်း | အမေရိကန်ဒေါ်လာ ၇ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၉.၇ သန်း | | | | | |
| | အခြား | မသိ/မရှိ | | | | | |

အကူအညီလိုအပ်နေသူများ

**၅၃၈,၁၃၆**

ရခိုင်: ၃၈၅,၇၀၈

ကချင်/ရှမ်း :၁၄၁,၄၂၈

ရေဘေး : ၁၁,၀၀၀

ဦးတည်ထားသူများ

**၄၄၂,၁၃၆**

ရခိုင်:၃၀၈,၄၁၈

ကချင်/ရှမ်း : ၁၂၂,၇၂၈

ရေဘေး : ၁၁,၀၀၀

လိုအပ်ချက်များ (US$)

**၁၈.၂သန်း**

ရခိုင် : ၁၂ သန်း

ကချင်/ရှမ်း: ၆ သန်း

ရေဘေး : ၀.၂ သန်း

မိတ်ဖက်အဖွဲ့အရေအတွက်

**၂၅**

ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဦးတည်ချက် ၁:

**၁** ကောင်းမွန်သော တစ်ကိုယ်ရည် သန့်ရှင်းမှု အလေ့အထများ နှင့် သန့်စင်သော ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်း ရေး အဆောက်အဦး များကို လက်လှမ်းမီ စေခြင်း

**SO 1, SO 2, SO3 နှင့် သက်ဆိုင်သည်။**

# ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH)

**ကောင်းမွန်သော တစ်ကိုယ်ရည် သန့်ရှင်းမှု အလေ့အထများနှင့် သန့်စင်သော ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအဆောက်အဦများကို လက်လှမ်းမီစေခြင်း**

အစုအဖွဲ့မဟာဗျူဟာသည် ဝန်ဆောင်မှုများကို ညီမျှစွာလက်လှမ်းမီရေး၊ ဒဏ်ခံနိုင်ရည် အားကောင်းစေရေးနှင့် အကူအညီအပေါ်မှီခိုမှုကို လျှော့ချရေးတို့အား ဦးတည်သည်။ ရခိုင်၊ ကချင်/ရှမ်း တို့ရှိ ရေရှည်လူသားချင်းစာနာမှုအခြေအနေများကြောင့် ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး WASH အဖွဲ့များသည် လူမှုယဉ်ကျေးမှုနှင့်သင့်လျော်သော ထိန်းသိမ်းရေးစနစ်များဖော်ထုတ်ခြင်း၊ ရပ်ရွာလူထုအား ၎င်းတို့လိုအပ်ချက်/ ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်ပင်ခြင်း၊ အဆောက်အဦးများအားပိုင်ဆိုင်မှု အသိနိုင်မာစေခြင်း၊ ယာယီစခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး/ ယာယီစခန်းစီမံခန့်ခွဲရေး ကော်မတီတို့နှင့် ပူးပေါင်းချဉ်းကပ် ဆောင်ရွက်ခြင်း၊ အစိုးရပါဝင်မှုကို တိုးမြှင့်ပေးခြင်းဖြင့် ဒဏ်ခံနိုင်ရည်ကို တည်ဆောက်ပေးသွားမည်။ တသမတ်တည်း ဆောင်ရွက်သော တစ်ကိုယ်ရည် သန့်ရှင်းရေးမြှင့်တင်မှုက ဦးတည်အထောက်အပံ့များနှင့် အဆောက်အဦးများ ပေးအပ်မှု ကို ဆက်လက်အထောက်အကူဖြစ်စေမည်။ ရပ်ရွာလူထုပါဝင်သော တိုင်ပင်ဆွေးနွေးမှုများ၊ ဘေးဒဏ် သင့်သူများ လုံခြုံရေးနှင့် ဂျဏ်သိက္ခာအတွက် ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အနိမ့်ဆုံး ကတိကဝတ်များနှင့် ကိုက်ညီမှုကို လေ့လာစောင့်ကြည့်ခြင်းများဖြင့် တာဝန်ခံမှု ပိုမို ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အစုအဖွဲ့သည် ရခိုင်၊ ကချင်/ရှမ်းအတွက် အောက်ပါ ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ထား သည်။

**ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** - ဝန်ဆောင်မှုများကို အဆင့်မြှင့်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများဖြင့် ရေအရည်အသွေးတိုးမြှင့်ရေး။ ရပ်ရွာအခြေပြုအဖွဲ့များမှတဆင့် ပြုပြင်ထိန်းသိမ်းရေးကို အထောက်အပံ့ပေးပြီး ထိုနည်းအားဖြင့် အကျိုးခံစားခွင့်ရသူများ ပိုမိုစွမ်းဆောင်နိုင်လာစေရေး။ ရာသီအလိုက် ပြတ်လပ်မှုများကို ဖြေရှင်းရန်အတွက် အခြားရင်းမြစ်များ ဖော်ထုတ်ခြင်း။ ရေသန့်စင်ရေးအတွက် မိသားစုတွင် ဖြေရှင်းနည်းများကို တိုးချဲ့၊ စောင့်ကြည့်၊ သုံးသပ်လေ့လာခြင်း။

**တစ်ကိုယ်ရည်သန့်ရှင်းရေး** - နေရာတိုင်းတွင် တစ်ကိုယ်ရည်သန့်ရှင်းမှု မြှင့်တင်ရေး ချဉ်းကပ်မှုကို စနစ်တကျ ဖော်ထုတ်ရေး။ ကွင်းဆင်းလုပ်သားများဖြင့် လူမှုအဖွဲ့အစည်းကို အားဖြည့်ပေးရေး။ အလေ့အထပြောင်းလဲရေး တွန်းအားများနှင့် အခက်အခဲများကို အစုအဖွဲ့၏ နားလည်မှု တိုးလာရေး။

ကချင်နှင့် ရှမ်းမြောက်တွင် အစိုးရထိန်းချုပ်သည့် နယ်မြေအတွင်းနှင့် ပြင်ပဒေသများတွင် တုံ့ပြန်မှုမှာ အကြမ်းဖျင်းအားဖြင့် ညီမျှမှုရှိလာသည်။ အရေးပေါ်ပတ်ဝန်းကျင်သန့်ရှင်းရေး အဆောက်အဦးများကို ထိန်းသိမ်းရေး ကောင်းမွန်စေရန်အတွက် တဖြည်းဖြည်း ပိုမိုခိုင်မာသော အဆောက်အဦးများနှင့် အစားထိုးလျက်ရှိသည်။ စောင့်ကြည့်လေ့လာရေး ခက်ခဲနေဆဲဖြစ်ကာ တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အထမြှင့်တင်ရေး ပိုမိုအားကောင်းရန်လိုသည်။ ထို့ပြင် ရေရှည်ဖြေရှင်းရန် နည်းလမ်းများ တွေ့လာသည့်အလျောက် နေရပ်ပြန်ကြသော ဒေသများတွင် ရေရှည်ခံသော အဆောက်အဦးများ ဆောက်လုပ်ပေးရပေမည်။ နေရပ်စွန့်ခွာတိမ်းရှောင်မှု အသစ်များကို ဖြေရှင်းရန်အတွက် လက်ရှိ ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အစုအဖွဲ့၏ ကနဦး တုံ့ပြန်ရေး စနစ်များ ဆက်လက် လိုအပ်နေသည်။

ရခိုင်ပြည်နယ်ရှိ တုံ့ပြန်ရေးလုပ်ငန်းတွင် စီမံကိန်းအဆင့်တိုင်း၌ အန္တရာယ်မဖြစ်စေရေး ချဉ်းကပ်မှု ပုံစံကို စနစ်တကျ ထည့်သွင်းထားသည်။ စခန်းများတွင် အခြေခံအဆောက်အဦးများ ဆောက်လုပ်ထားပြီး အသုံးပြုသူများက စီမံခန့်ခွဲလျက်ရှိသော်လည်း လက်ရှိအဆောက်အဦးများမှာ သက်တမ်း အလွန်တိုတောင်းသည်။ ပိုမိုခိုင်မာသော ပစ္စည်းများသုံး၍ အဆင့်မြှင့်ခြင်းဖြင့် ရပ်ရွာထိန်းသိမ်းမှုကို ပိုမိုလွယ်ကူစေပြီး တင်းကျပ်သော ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက်များနှင့် သဘာဝဘေး လျော့ပါးရေးအပိုင်းများ ပိုမိုထည့်သွင်းအသုံးပြုသွားမည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရ ဦးဆောင်သော ပြန်လည်

ဆက်သွယ်ရန်

**ဂျိမ်းစ် ရောဘတ်ဆန်**
jrobertson@unicef.org

နေရာချထားရေးစီမံကိန်းအရ ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအဖွဲ့များသည် ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဝန်ဆောင်မှုများအား လုံလောက်စွာ လက်လှမ်းမီစေရေးကို ဆက်လက်ကြိုးပမ်းနေပြီး လိုအပ်ချက်များ ပြည့်ဝနေပြီဖြစ်သော မင်းပြား၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များမှ ပြန်ထွက်ရေးကို သုံးသပ်သွားမည်။

ရေဘေးဒဏ်သင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး တုံ့ပြန်မှုကို ၂၀၁၅ ခုနှစ်က စတင်သည့် စီမံကိန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။ ချင်း/ စစ်ကိုင်းရှိ ယာယီနေရာများတွင် ကျန်ရှိသော နေရပ်စွန့်ခွာတိမ်းရှောင်သူများကို အထူးဦးစားပေး သွားမည်။

(လိုအပ်ချက်/လူဦးရေလျော့ကျသွားသော) ကချင်/ရှမ်းနှင့်ရခိုင်တွင် အခြေခံအဆောက်အဦး အများစု တည်ဆောက်ထားပြီးနောက် ၂၀၁၆ ခုနှစ်အတွက် ရန်ပုံငွေလိုအပ်ချက်မှာ ဒေါ်လာ ၁၈.၂ သန်း (၂၀၁၅ ခုနှစ် လိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်း) ဟု ခန့်မှန်းထားသည်။

အကူအညီလိုအပ်နေသူများနှင့် ဦးတည်ထားသူများကို အခြေအနေအလိုက် ခွဲခြားထားသောစာရင်း

| | ပြည်နယ်/တိုင်းဒေသကြီး | နေရပ်စွန့်ခွာတိမ်းရှောင်သူများ | | နေရပ် မစွန့်ခွာသူများ | | | |
|---|---|---|---|---|---|---|---|
| | | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့)မိမိအစီအစဉ်ဖြင့်နေထိုင်သူများ | ရပ်ရွာခံမိသားစု များ | နေရပ်ပြန်သူများ | ပြန်လည်အခြေချသော IDP များ | ပဋိပက္ခဒဏ်သင့်သူများ | ရပ်ရွာခံ/ ပတ်ဝန်းကျင် |
| အကူအညီလိုအပ်သူများ | **ကချင်/ရှမ်း** | ၈၇,၇၂၈ | ၈,၇၀၀ | ၁၀,၀၀၀ | | ၁၅,၀၀၀ | ၂၀,၀၀၀ |
| | ရခိုင် | ၁၂၂,၂၇၂ | ၆,၁၄၆ | | | ၁၇၇,၂၉၀ | ၈၀,၀၀၀ |
| | ရေဘေး | ၁၁,၀၀၀ | | | | | |
| ဦးတည်ထားသူများ | **ကချင်/ရှမ်း** | ၈၇,၇၂၈ | | | | ၁၅,၀၀၀ | ၂၀,၀၀၀ |
| | ရခိုင် | ၁၂၂,၂၇၂ | ၆,၁၄၆ | | | ၁၀၀,၀၀၀ | ၈၀,၀၀၀ |
| | ရေဘေး | ၁၁,၀၀၀ | | | | | |
| ဘဏ္ဍာရေးလိုအပ်ချက်များ | **ကချင်/ရှမ်း** | အမေရိကန်ဒေါ်လာ ၆ သန်း | | | | | |
| | ရခိုင် | အမေရိကန်ဒေါ်လာ ၁၂ သန်း | | | | | |
| | ရေဘေး | အမေရိကန်ဒေါ်လာ ၀.၂ သန်း | | | | | |

လိုအပ်ချက်များ (US$)

၆.၁ သန်း

ဆက်သွယ်ရန်

**မာ့က် ကပ်စ်**
cutts @un.org

**တိုနီ မိုနာဂန်**
tony.monaghan @
undss.org

**ရှန် ကမ့်ပ်ဘဲလ်**
manager.mimu@
undp.org

## ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဂန်ဆောင်မှုများ

**ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဘုံဂန်ဆောင်မှုများအပိုင်းတွင် အောက်ပါ လုပ်ငန်းနယ်ပယ်သုံးခုကို ဆောင်ရွက်သွားမည်။ (၁) ပေါင်းစပ်ညှိနှိုင်းရေး၊ (၂) သတင်းအချက်အလက် စီမံခန့်ခွဲရေး နှင့် (၃) ဂန်ထမ်းများ ဘေးကင်းလုံခြုံရေး**

### ပေါင်းစပ်ညှိနှိုင်းရေး

လူသားချင်းစာနာမှုဆိုင်ရာ အရေးကိစ္စများ ပေါင်းစပ်ညှိနှိုင်းရေးရုံး (OCHA) သည် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် လူသားချင်းစာနာမှုညွှန်ကြားရေးမှူး (HC) နှင့် နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့ (HCT) တို့ကို အကူအညီ ဆက်လက်ပေးသွားမည်။ (၁) ကဏ္ဍများအကြား ပူးတွဲ တုံ့ပြန်ရေး စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုတို့ကို ပိုမိုကောင်းမွန်စေရန် မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်းရေးစနစ်များကို ပိုမို ကောင်းမွန်စေခြင်း၊ (၂) ပုံမှန်ပြောင်းလဲနေသော အနေအထားတွင် အခြေအနေအပေါ် နားလည်သိရှိမှုကို အားကောင်းစေပြီး လူသားချင်းစာနာမှု လိုအပ်ချက်၊ လစ်ဟာချက်နှင့် တုံ့ပြန်ရေးကို ဆန်းစစ်လေ့လာရာတွင် အကူအညီပေးခြင်း၊ (၃) ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) နှင့် ပြည်တွင်းအခြေပြု အရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေ (ERF) တို့အသုံးပြုခြင်းအပါအဂင် ပြောင်းလွယ်ပြင်လွယ်ပြီး ခန့်မှန်းတွက်ဆနိုင်သည့် ရန်ပုံငွေများ ရှာဖွေပေးခြင်း၊ (၄) ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ သွားလာခွင့်အတွက် အသိပေးလှုံ့ဆော်ခြင်း။ ထို့ပြင် OCHA သည် လူသားချင်းစာနာမှုကိစ္စများ နှင့် ပတ်သက်၍ အစိုးရ၊ သက်ဆိုင်ရာ ဂန်ကြီးဌာနများ၊ ပြည်နယ်အာဏာပိုင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့များနှင့် ဆက်သွယ် ဆောင်ရွက်သွားမည်။ OCHA သည် အရေးပေါ်တုံ့ပြန်မှု ကြိုတင်ပြင်ဆင်ထားရှိရေး စီမံကိန်းအသစ် မွမ်းမံခြင်းနှင့် သဏ္ဍာန်တူလေ့ကျင့်ခြင်းအပါအဂင် နိုင်ငံလုံး ဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့ အရေးပေါ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားမည်။ OCHA သည် လူသားချင်းစာနာမှုဆိုင်ရာ အဓိကကိစ္စများအကြောင်း မိတ်ဖက်အဖွဲ့များနှင့် နိုင်ငံတကာအသိုင်းအပိုင်းကို အသိပေးရန်၊ အရေးပါသော အချက်အလက်များနှင့်ပတ်သက်၍ သတင်း အချက်အလက်စီမံခန့်ခွဲမှုကို အထောက်အကူပြုရန် သတင်းအချက်အလက်နှင့် ဆန်းစစ်လေ့လာမှု ပုံမှန် အစီရင်ခံစာများကို ထုတ်ဂေသွားမည်။

### သတင်းအချက်အလက်စီမံခန့်ခွဲမှု

OCHA ၏ ဆက်သွယ်ပြန်ကြား၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးတို့နှင့်ပတ်သက်သော လုပ်ငန်းများအပြင် မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့ (MIMU) သည် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူးရုံး မှတဆင့် မြန်မာနိုင်ငံအနှံ့ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များအား သတင်းအချက်အလက် စီမံခန့်ခွဲမှု (IM) အကူအညီပေးအပ်သော ဂန်ဆောင်မှုတစ်ခုဖြစ်သည်။

MIMU သည် (က) လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အထောက်အကူပေးသည့် ဘုံ အချက်အလက်များနှင့် သတင်းအချက်အလက်သိမ်းဆည်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ထိန်းသိမ်းခြင်း၊ (ခ) ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အထောက်အကူပြုသည့် အခြေခံနှင့် အန္တရာယ်ပြမြေပုံအသစ်များ၊ အခြားသတင်းအချက်အလက်ဆိုင်ရာ ထုတ်ကုန်များ ပုံမှန်ရေးဆွဲထုတ်ဂေခြင်း၊ (ဂ) ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း၊ စံသတ်မှတ်ထားသော ချဉ်းကပ်မှုများကို မြှင့်တင်ရန် အေဂျင်စီများ၊ အစုအဖွဲ့များနှင့် ကဏ္ဍများမှ သတင်း အချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ တာဂန်ခံများပါဂင်သည့် သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက်ကို ဦးဆောင်ခြင်း (ဃ) အစိုးရဌာနများနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးဌာနအား သတင်း အချက်အလက် စီမံခန့်ခွဲမှု စွမ်းရည်တိုးတက်စေရန် အကူအညီနှင့် သင်တန်းများပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်။

MIMU သည် ၎င်း၏သတင်းအချက်အလက်နှင့် ဆန်းစစ်လေ့လာမှုထုတ်ကုန်များ၊ အခြားအဖွဲ့များမှ အစီရင်ခံစာများကို သက်ဆိုင်သူများ MIMU ဂက်ဘ်ဆိုက်မှတဆင့် ရယူနိုင်စေရန် ဆောင်ရွက်ထားသည်။

### ဝန်ထမ်းများ ဘေးကင်းလုံခြုံရေး

ကုလသမဂ္ဂ ဘေးကင်းရေးနှင့် လုံခြုံရေးဌာန (UNDSS) သည် လူသားချင်းစာနာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်စေရန်အတွက် ဝန်ထမ်းများ ဘေးကင်းလုံခြုံမှု မြှင့်တင်ရေးကို အာရုံစိုက်သွားမည်။ ထိုသို့ဆောင်ရွက်ရာတွင် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်း ပြုနိုင်ရန် သတင်းအချက်အလက် စုစည်းခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့ကို ပိုမိုကောင်းမွန်စေခြင်း အားဖြင့် ဆောင်ရွက်သွားမည်။ ခက်ခဲသော လုံခြုံရေးအခြေအနေရှိသည့် နေရာများကို အေဂျင်စီများ စုပေါင်းသွားရောက်ခြင်းက လက်လှမ်းမီမှုနှင့် လုပ်ငန်းဆိုင်ရာ သက်ရောက်မှုတို့ကို ပိုမိုကောင်းလာစေမည်ဖြစ်သည်။ လုံခြုံဘေးကင်းရေးအပေါ် သက်ရောက်မှုရှိသော၊ လက်လှမ်းမီမှုကို ထိခိုက်စေသော လုံခြုံရေးဆိုင်ရာ အဖြစ်အပျက်များ၊ လူ့ပ်ရှားမှုများဆက်ရှိနေခြင်းတို့ကို ခြေရာခံဆန်းစစ်လေ့လာပြီး ဖြစ်နိုင်ချေဦးတည်ရာများနှင့် သင့်လျော်သော ဆောင်ရွက်မှုတို့ကို ဆုံးဖြတ်ပေးသွားမည်။ အခြေအနေအပေါ် နားလည်သိရှိမှုရှိစေရန် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ အကဲဖြတ်လေ့လာမှုများနှင့် အစီရင်ခံစာများကို လူသားချင်းစာနာမှု လုပ်ငန်းအဖွဲ့များအား ဆက်လက် ပေးပို့သွားမည်။ ကုလသမဂ္ဂ ဘေးကင်းလုံခြုံမှုစီမံခန့်ခွဲရေးစနစ်ကိုယ်စား UNDSS သည် လူသားချင်းစာနာမှု လုပ်ငန်းအဖွဲ့များနှင့် လုံခြုံရေးဆိုင်ရာ ပုံမှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် တာဝန်ခံအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်။ အေဂျင်စီများကြား အရေးပေါ်ဆက်သွယ်ရေးစနစ် (ECS) ထူထောင်ရေးမှာ အစိုးရခွင့်ပြုချက်ပေါ်မူတည်နေပြီး သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန်ရေးစီမံကိန်းများ တစ်စိတ်တစ်ဒေသအနေဖြင့် ယင်းကိစ္စကို အောင်မြင်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။ ECS သည် မိုဘိုင်းဖုန်း ကွန်ယက်များအပေါ်သီးသန့်မှီခိုခြင်းအစား ဒစ်ဂျစ်တယ်လ် မိုဘိုင်းလ် ရေဒီယို (DMR) ဆက်သွယ်ရေးနှင့် ဂြိုလ်တု ဆက်သွယ်ရေးတို့ကို အသုံးပြုပြီး ရခိုင်၊ ကချင်/ရှမ်းတို့ ပါဝင်အောင် တည်ထောင်သွားမည်။

# လှူဒါန်းရေး လမ်းညွှန်

## လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံကိန်းကို ပံ့ပိုးခြင်း

မြန်မာနိုင်ငံ လူသားချင်းစာနာမှု တုံ့ပြန်ရေးစီမံကိန်းသည် ဘေးဒဏ်သင့်သူများ၏ လိုအပ်ချက်ကို ဖြေရှင်းပေးမည့် ကဏ္ဍအလိုက် လုပ်ငန်းများနှင့် ထိုလိုအပ်ချက်များကို ဖြေရှင်းရန် ခန့်မှန်းခြေ ရန်ပုံငွေလိုအပ်ချက်ကို ဖော်ပြပေးသည်။ ကဏ္ဍတစ်ခုချင်းစီအား ဆက်သွယ်ရန် အချက်အလက်များ ပါဝင်သည်။ လစ်ဟာချက်၊ လိုအပ်ချက်နှင့် လက်တွဲနိုင်ဆောင်ရွက်နိုင်ချေရှိသော အဖွဲ့များအကြောင်း ပိုမိုသိရှိလိုပါက စီမံကိန်းကို ဒေါင်းလုတ်ဆွဲပါ။

www.humanitarianresponse.info

## အရေးပေါ်တုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) မှတဆင့် လှူဒါန်းခြင်း

CERF က အရေးပေါ်အခြေအနေများ ဖြစ်ဖြစ်ချင်း အသက်ကယ်လုပ်ငန်းများ အတွက်နှင့် ရေရှည်ဖြစ်ပွားသော ပဋိပက္ခများတွင် အလွန်အရေးပါသော်လည်း ရန်ပုံငွေနည်းပါးသည့် လူသားချင်း စာနာမှုလုပ်ငန်းများအတွက်ကနဦး ရန်ပုံငွေ ထုတ်ပေးသည်။ OCHA က စီမံခန့်ခွဲသော CERF မှာ အဓိကအားဖြင့် အစိုးရများ၊ပုဂ္ဂလိကကုမ္ပဏီများ၊ရန်ပုံငွေအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ပုဂ္ဂလိက အလှူရှင်များထံမှ လှူဒါန်းမှုများကို ကမ္ဘာအနှံ့ရှိ ပဋိပက္ခများအတွက် အသုံးပြုနိုင်ရန် ရန်ပုံငွေတစ်ခုတည်း အဖြစ် ပေါင်းစည်းထားခြင်းဖြစ်သည်။ ၂၀၀၆ မှ ၂၀၁၅ အတွင်း CERF သည် အသက်ကယ် လိုအပ်ချက်များကို ဖြေရှင်းရန် မြန်မာနိုင်ငံသို့ ဒေါ်လာ ၉၉.၂ သန်း ပေးအပ်ထားသည်။ CERF အကြောင်းနှင့် မည်သို့လှူဒါန်းရမည်ကို ပိုမိုသိရှိလိုပါက CERF ဝက်ဘ်ဆိုက်တွင် လေ့လာပါ။

www.unocha.org/cerf/our-donors/how-donate

## အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေ (ERF) မှတဆင့် လှူဒါန်းခြင်း

မြန်မာ ERF သည် လူသားချင်းစာနာမှု တုံ့ပြန်ရေးတွင် ရန်ပုံငွေလစ်ဟာချက်ကို ဖြေရှင်းရန်နှင့် အရေးပေါ် လိုအပ်ချက်များကို လျှင်မြန်စွာ တုံ့ပြန်နိုင်ရန် လူသားချင်းစာနာမှုအဖွဲ့များအား လွယ်ကူလျှင်မြန်သော ပြည်တွင်းရန်ပုံငွေတစ်ရပ်ပေးအပ်ရေး အတွက် အလှူရှင်ပေါင်းများစွာ စုစည်းလှူဒါန်းထားသော ရန်ပုံငွေ တစ်ရပ်ဖြစ်သည်။ ERF နှင့် ပတ်သက်သော သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာတွင် ကြည့်ရှုနိုင်သည်။

www.unocha.org/what-we-do/humanitarian-financing/emergency-response-funds-erf

မြန်မာ ERF အကြောင်း ပိုမိုသိရှိလိုပါက အောက်ပါ လိပ်စာသို့ အီးမေးလ်ဖြင့် စုံစမ်းနိုင်သည်။
erf-myanmar@un.org

## ကယ်ဆယ်ရေးပစ္စည်းအကူအညီ

ကုလသမဂ္ဂအနေဖြင့် လျင်မြန်မှုနှင့် လိုက်လျောညီထွေမှုတို့ ရှိစေရန်၊ ပေးအပ်သော ကယ်ဆယ်ရေးပစ္စည်းများ သည် လိုအပ်မှုနှင့် အကိုက်ညီဆုံးဖြစ်စေရန်အတွက် အလှူရှင်များအား ပစ္စည်းလှူဒါန်းရန်ထက် ငွေကြေးလှူဒါန်းရန် အားပေးသည်။ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရာတွင် ပစ္စည်းသာ လှူဒါန်းလိုပါက အောက်ပါ လိပ်စာသို့ ဆက်သွယ်ပါ။

logik@un.org

## လှူဒါန်းမှုများကို မှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုခြင်း

OCHA သည် အစီရင်ခံတင်ပြသော အရေးပေါ်အခြေအနေများအတွက် လူသားချင်းစာနာမှုဆိုင်ရာ လှူဒါန်းမှု (ငွေကြေး၊ ပစ္စည်း၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံကြား) အားလုံးကို မှတ်တမ်းတင်ထားသည့် ဘဏ္ဍာရေးအချက်အလက်ဝန်ဆောင်မှု (Financial Tracking Service) ကို စီမံခန့်ခွဲသည်။ ယင်းမှာ အလှူရှင်များအား ၎င်းတို့ ရက်ရောမှုအတွက် မြင်သာစွာ အသိအမှတ်ပြုပေးရန်နှင့် လူသားချင်းစာနာရေး ရန်ပုံငွေတောင်းခံမှုများတွင် ရန်ပုံငွေနှင့် ရင်းမြစ်လိုအပ်ချက်စုစုပေါင်းပမာဏကို ပြသရန် ရည်ရွယ်သည်။ မိမိတို့ လှူဒါန်းမှုများကို fts@un.org သို့ အီးမေးလ်ဖြင့်ဖြစ်စေ http://fts.unocha.org ရှိ အွန်လိုင်းလှူဒါန်းမှုပုံစံဖြင့်ဖြစ်စေ FTS သို့ သတင်းပို့ပါ။

# အပိုင်း ၃ - နောက်ဆက်တွဲများ

ရည်မှန်းချက်များ၊ ညွှန်ကိန်းများနှင့် ဦးတည်ချက်များ

စီမံကိန်းဆိုင်ရာ ကိန်းဂဏန်းများ - အကူအညီလိုအပ်သူများနှင့် ဦးတည်ထားသူများ

တုံ့ပြန်ရန် ပျက်ကွက်ပါက ဘာဖြစ်မည်နည်း

# ရည်မှန်းချက်များ၊ ညွှန်ကိန်းများနှင့် ဦးတည်ချက်များ

## ကဏ္ဍ ရည်မှန်းချက်များ၊ ညွှန်ကိန်းများနှင့် ဦးတည်ချက်များ

ပညာရေး ရည်မှန်းချက် ၁ - အခြေအနေအလိုက် အခွင့်အလမ်းကောင်းများကို လက်လှမ်းမီမှု တိုးစေပြီး ရေရှည်ခိုင်မာသော ဖြေရှင်းရန် နည်းလမ်းများကို အားပေးသည့် ကျား/မညီမျှမှုကို ဦးတည်လျှက် ဆယ်ကျော်သက် ပဋိပက္ခဘေးဒဏ်သင့်ကလေးသူငယ်အားလုံးအတွက် အရည်အသွေးပြည့်မီသော (စာသင်ခန်းတွင်းနှင့် ပြင်ပ) ပညာရေးကို လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေရေး

SO2၊ SO3 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| (ကျား/မညီမျှမှုကို ဦးတည် သည့်) ပညာရေးကို လက်လှမ်းမီသော အရေးပေါ် အခြေအနေ ဘေးဒဏ်သင့် ကလေးသူငယ် (၃-၁၇ နှစ်) စုစုပေါင်း အရေအတွက် | ၁၈၈,၀၀၀<br>ရခိုင်: ၁၂၂,၀၀၀<br>ကချင်/ရှမ်း : ၆၆,၀၀၀ | ၅၈,၀၂၆<br>ရခိုင်: ၄၀,၃၄၀<br>ကချင်/ရှမ်း : ၁၇,၆၈၆ | ၉၃,၈၀၅<br>ရခိုင် : ၅၆,၃၄၀<br>ကချင်/ရှမ်း : ၃၇,၄၆၅ |
| (စာသင်ခန်းတွင်း ပညာရေးကို ဦးစားပေးပြီး ကျား/မညီမျှမှုကို ဦးတည်သည့်) မူလတန်း ပညာရေးကို လက်လှမ်းမီသော အရေးပေါ် အခြေအနေ ဘေးဒဏ်သင့် ကလေးသူငယ် အရေအတွက် | ၆၃,၁၀၆<br>ရခိုင်: ၄၀,၉၇၃<br>ကချင်/ရှမ်း : ၂၂၁,၃၃ | ၄၄,၅၇၆<br>ရခိုင် : ၃၄,၁၅၁<br>ကချင်/ရှမ်း : ၁၀,၄၂၅ | ၅၁,၀၈၇<br>ရခိုင်: ၃၄,၇၂၄<br>ကချင်/ရှမ်း : ၁၆,၃၆၃ |
| (စာသင်ခန်းတွင်း ပညာရေးကို ဦးစားပေးပြီး ကျား/မညီမျှမှုကို ဦးတည်သည့်) မူလတန်းလွန် ပညာရေးကိုလက်လှမ်းမီ သော အရေးပေါ်အခြေအနေ ဘေးဒဏ်သင့် ဆယ်ကျော် သက် အရေအတွက် | ၈၇,၈၉၈<br>ရခိုင် : ၅၇,၀၇၀<br>ကချင်/ရှမ်း : ၃၀,၈၂၈ | ၉,၆၄၄<br>ရခိုင် : ၅,၃၉၂<br>ကချင်/ရှမ်း : ၄,၂၅၂ | ၃၀,၃၅၉<br>ရခိုင် : ၁၇,၇၃၇<br>ကချင်/ရှမ်း : ၁၂,၆၂၂ |

ပညာရေး ရည်မှန်းချက် ၂ - အခြားကဏ္ဍအပိုင်းများ (အထူးသဖြင့် ကလေးသူငယ်စောင့်ရှောက်ရေး၊ ရေ၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး) နှင့် ပေါင်းစည်း၍ ပညာရေးကဏ္ဍကို အသက်ကယ်၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဒဏ်ခံနိုင်ရည်တည်ဆောက်ရေး အကူအညီ စကြံန် တစ်ခုအဖြစ် အပြည့်အဝအသုံးပြုခြင်း

SO1၊ SO2၊ SO3 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| (ကျား/မညီမျှမှုကို ဦးတည်လျှက်) မိုင်းပညာပေး၊ စိတ်လူမှု အထောက်အပံ့၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စနစ်များစသည့် အခြေအနေ အလိုက် ကာကွယ်စောင့်ရှောက် ရေးဆိုင်ရာ အန္တရာယ်များအား လျှော့ချရေး လုပ်ငန်းများနှင့် ပေါင်းစည်းထားသည့် ပညာရေး ကို လက်ခံရရှိသော ကလေးသူငယ်အရေအတွက် | ၁၈၈,၀၀၀<br>ရခိုင် : ၁၂၂,၀၀၀<br>ကချင်/ရှမ်း : ၆၆,၀၀၀ | ၂၀,၀၄၃<br>ရခိုင် : ၁၀,၆၁၂<br>ကချင်/ရှမ်း : ၉,၄၃၁ | ၃၇,၃၄၁<br>ရခိုင် : ၂၅,၃၅၃<br>ကချင်/ရှမ်း : ၁၁,၉၈၈ |

စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက် ၁ - စားနပ်ရိက္ခာအကူအညီလိုအပ်သူများ လုံလောက်သော စားနပ်ရိက္ခာနှင့် ငွေကြေးအထောက်အပံ့ကို အညီအမျှ ဘေးကင်းလုံခြုံစွာ လက်လှမ်းမီစေခြင်း

SO1 နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| လုံလောက်သော စားနပ်ရိက္ခာနှင့်/သို့မဟုတ် ငွေကြေးအထောက်အပံ့လက်ခံရရှိသူ အရေအတွက် | ၃၅၀,၉၄၃<br>ရခိုင် : ၁၀၇,၁၄၃<br>ကချင်/ရှမ်း : ၁၅၂,၀၀၀<br>ရေဘေး : ၉၁,၈၀၀ | အတည်ပြုရန်<br>ရခိုင် : အတည်ပြုရန်<br>ကချင်/ရှမ်း : အတည်ပြုရန်<br>ရေဘေး : အတည်ပြုရန် | ၃၅၀,၉၄၃<br>ရခိုင် : ၁၀၇,၁၄၃<br>ကချင်/ရှမ်း : ၁၅၂,၀၀၀<br>ရေဘေး : ၉၁,၈၀၀ |
| စားနပ်ရိက္ခာသုံးစွဲမှု ရမှတ် ပြည့်မီသော (FCS>35) အိမ်ထောင်စု ရာခိုင်နှုန်း | ၈၀% | | ၈၀% |

စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက် ၂ - ဘေးဒဏ်သင့်လူထု၏ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးနှင့် ဒဏ်ခံနိုင်ရည် ကောင်းမွန်ရေး

SO1 နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| စိုက်ပျိုးရေးအထောက်အကူ၊ မွေးမြူရေးအကူအညီနှင့် ပံ့ပိုးငွေထောက်ပံ့မှုရရှိသူ အရေအတွက် | ၆၇၃,၀၅၂<br>ရခိုင် :၁၄၄,၆၉၂<br>ကချင်/ရှမ်း :၆၈,၉၇၄<br>ရေဘေး : ၄၅၉,၃၈၆ | ၀<br>ရခိုင် : ၀<br>ကချင်/ရှမ်း : ၀<br>ရေဘေး : ၀ | ၆၇၃,၀၅၂<br>ရခိုင် : ၁၄၄,၆၉၂<br>ကချင်/ရှမ်း : ၆၈,၉၇၄<br>ရေဘေး : ၄၅၉,၃၈၆ |

ကျန်းမာရေး ဦးတည်ချက် ၁ - သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ ဘေးဒဏ်သင့်သူများအပါအဝင် ရခိုင်နှင့် ကချင်/ရှမ်းတို့ရှိ ဘေးဒဏ်သင့်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှုတိုးတက်စေခြင်း

SO1၊ SO2၊ SO3 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| အခြေခံကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီသော ဘေးဒဏ်သင့်သူ အရေအတွက် | ၅၃၇,၃၉၉<br>ရခိုင် : ၄၂၀,၈၀၄<br>ကချင်/ရှမ်း : ၁၁၆,၅၉၅ | အတည်ပြုရန်<br>ရခိုင် : အတည်ပြုရန်<br>ကချင်/ရှမ်း : အတည်ပြုရန် | ၅၃၇,၃၉၉<br>ရခိုင် : ၄၂၀,၈၀၄<br>ကချင်/ရှမ်း : ၁၁၆,၅၉၅ |
| အရေးပေါ် သားဖွား ကျန်းမာရေး အပါအဝင် မျိုးဆက်ပွား၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီသော ဘေးဒဏ်သင့်သူ အရေအတွက် | ၃၄၈,၀၀၀<br>ရခိုင် : ၂၇၃,၀၀၀<br>ကချင်/ရှမ်း : ၇၅,၀၀၀ | အတည်ပြုရန်<br>ရခိုင် : အတည်ပြုရန်<br>ကချင်/ရှမ်း : အတည်ပြုရန် | ၃၄၈,၀၀၀<br>ရခိုင် : ၂၇၃,၀၀၀<br>ကချင်/ရှမ်း : ၇၅,၀၀၀ |
| ဝက်သက်ကာကွယ်ဆေး တိုက်ကျွေးပြီးသော အသက် နှစ်နှစ်အောက် ဘေးဒဏ်သင့် ကလေးသူငယ် | ၃၃,၇၀၀<br>ရခိုင် : ၂၈,၆၀၀<br>ကချင်/ရှမ်း : ၅,၁၀၀ | အတည်ပြုရန်<br>ရခိုင် : အတည်ပြုရန်<br>ကချင်/ရှမ်း : အတည်ပြုရန် | ၃၀,၃၀၀<br>ရခိုင် : ၂၅,၇၀၀<br>ကချင်/ရှမ်း : ၄,၆၀၀ |

အာဟာရ ရည်မှန်းချက် ၁ - ပြင်းထန်စွာ အာဟာရချို့တဲ့သူများ အား ရှာဖွေကုသခြင်း

SO1၊ SO2 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| အစာနှင့်ဆေးတိုက်ကျွေး ကုသမှု ခံယူရသော ပြင်းထန်စွာ အာဟာရ ချို့တဲ့သည့် ၆-၅၉ လအရွယ် ကလေးသူငယ် အရေအတွက် | ၁၂,၂၀၀<br>ရခိုင် : ၁၂,၂၀၀<br>ကချင်/ရှမ်း : မသိ/မရှိ | ၁၁,၃၀၀<br>ရခိုင် : ၁၁,၃၀၀<br>ကချင်/ရှမ်း : မသိ/မရှိ | ၁၁,၃၀၀<br>ရခိုင် : ၁၁,၃၀၀<br>ကချင်/ရှမ်း : မသိ/မရှိ |
| အစာနှင့်ဆေးတိုက်ကျွေး ကုသမှု ခံယူရသော ပြင်းထန်စွာ အာဟာရ ချို့တဲ့သည့် ၆၀-၁၀၈ လ အရွယ် ကလေး သူငယ် အရေအတွက် | ၆,၇၀၀<br>ရခိုင် : ၆,၇၀၀<br>ကချင်/ရှမ်း : မသိ/မရှိ | ၃,၄၅၀<br>ရခိုင် : ၃,၄၅၀<br>ကချင်/ရှမ်း : မသိ/မရှိ | ၄,၇၀၀<br>ရခိုင် : ၄,၇၀၀<br>ကချင်/ရှမ်း : မသိ/မရှိ |
| ရောဂါသက်သာလာ၍ အစာနှင့်ဆေး တိုက်ကျွေးကုသမှု ပြီးဆုံးသွားသော ပြင်းထန်စွာ အာဟာရချို့တဲ့သည့် ၆-၅၉ လအရွယ် ကလေးသူငယ် ရာခိုင်နှုန်း | မသိ/မရှိ | ရခိုင် : ၇၉%<br>ကချင်/ရှမ်း : မသိ/မရှိ | > ၇၅%<br>ရခိုင် : > ၇၅%<br>ကချင်/ရှမ်း : မသိ/မရှိ |

အာဟာရ ရည်မှန်းချက် ၂ - အဓိကကျသော အာဟာရသီးသန့် ကာကွယ်ရေးဝန်ဆောင်မှုများကို အာဟာရအန္တရာယ်ကျရောက်လွယ်သူများ လက်လှမ်းမီစေခြင်း

SO2 နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| မွေးကင်းစအရွယ်နှင့် ကလေးသူငယ် နို့ချိုတိုက်ကျွေးခြင်း ဆိုင်ရာ ဆွေးနွေး အကြံပြုမှုကို လက်လှမ်းမီသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အရေအတွက် | ၂၂,၅၀၀<br>ရခိုင် : ၁၆,၈၀၀<br>ကချင်/ရှမ်း : ၅,၇၀၀ | ၁၆,၀၅၀<br>ရခိုင် : ၁၁,၆၅၀<br>ကချင်/ရှမ်း : ၄,၄၀၀ | ၁၅,၇၅၀<br>ရခိုင် : ၁၂,၀၀၀<br>ကချင်/ရှမ်း : ၃,၇၅၀ |

ကာကွယ်စောင့်ရှောက်ရေး ရည်မှန်းချက် ၁ နှင့် ၂ - ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်၊ တိုးပွားပြီး ပိုမို လက်လှမ်းမီနိုင်စေခြင်း၊ စိတ်ပိုင်းသာယာမှု၊ ရုပ်ပိုင်းနှင့် ဥပဒေပိုင်း လုံခြုံမှုကို ခြိမ်းခြောက် မှုများအား လျော့ပါးစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်သော ပတ်ဝန်းကျင်ကို ပိုမို ကောင်းမွန်စေခြင်း

SO1၊ SO2၊ SO3 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| အနိမ့်ဆုံး ရနိုင်သော ကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှု များကို လက်လှမ်းမီသည့် အကူ အညီလိုအပ်သူ အရေအတွက် | ၃၀၀,၈၁၅<br>ရခိုင် : ၁၈၃,၈၈၇<br>ကချင်/ရှမ်း : ၁၁၆,၉၂၈ | အတည်ပြုရန်<br>ရခိုင် : အတည်ပြုရန်<br>ကချင်/ရှမ်း : အတည်ပြုရန် | ၂၁၇,၀၃၆<br>ရခိုင် : ၁၄၈,၈၈၇<br>ကချင်/ရှမ်း : ၆၈,၁၄၉ |

မှီခိုရာနေရာ/ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ ရည်မှန်းချက် ၁ - စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ၊ ယာယီမှီခိုရာနေရာများ သို့မဟုတ် လုံးချင်းအိမ်များ ပေးအပ်ခြင်းဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ၎င်းတို့၏ ဂုဏ်သိက္ခာ၊ လုံခြုံ ရေးနှင့် ပုဂ္ဂလိက လွတ်လပ်မှုတို့ကို ကာကွယ်စောင့်ရှောက်မှု ခံယူရရှိစေခြင်း

SO1၊ SO2 တို့နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ ကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| အခြေခံအကျဆုံး လူ့လိုအပ်ချက်များ ပြည့်ဝစေသည့် လုံလောက် သင့်တော်သော စားနပ်ရိက္ခာမဟုတ်သည့် ပစ္စည်းများကို လက်ခံရရှိသော ***ရခိုင်ပြည်နယ်*** ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက် | ၁၄၃,၈၈၇ | ၅၇,၀၀၀ | ၈၆,၀၀၀ |
| အနိမ့်ဆုံးစံချိန်စံညွှန်းများနှင့် ကိုက်ညီသော ယာယီ မှီခိုရာ နေရာကို လက်လှမ်းမီသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက် | ၂၃၀,၄၈၅<br>ရခိုင် : ၁၄၃,၈၈၇<br>ကချင်/ရှမ်း : ၈၆,၅၉၈ | ၁၇၉,၈၉၃<br>ရခိုင် : ၁၂၈,၂၉၅<br>ကချင်/ရှမ်း : ၅၁,၅၉၈ | ၅၀,၅၉၂<br>ရခိုင် : ၁၅,၅၉၂<br>ကချင်/ရှမ်း : ၃၅,၀၀၀ |

ယာယီစခန်း ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (CCCM) ဦးတည်ချက် ၁ - နေရပ်စွန့်ခွာ တိမ်းရှောင်သူများ လူနေမှုဘဝပိုမို ကောင်းမွန်စေရေးအတွက် ယာယီစခန်းများ စီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှု ပေးအပ်ခြင်းတို့ကို ထောက်ပံ့ခြင်း

SO2 နှင့်သက်ဆိုင်သည်

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| အခြေခံ ဝန်ဆောင်မှုများကို ညီမျှစွာ လက်လှမ်းမီသော ယာယီစခန်း သို့မဟုတ် ထိုကဲ့သို့သော နေရာများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက် | ၂၀၈,၈၂၆<br>ရခိုင် : ၁၂၁,၀၉၈<br>ကချင်/ရှမ်း : ၈၇,၇၂၈ | ၂၀၈,၈၂၆<br>ရခိုင် : ၁၂၁,၀၉၈<br>ကချင်/ရှမ်း : ၈၇,၇၂၈ | ၂၀၈,၈၂၆<br>ရခိုင် : ၁၂၁,၀၉၈<br>ကချင်/ရှမ်း : ၈၇,၇၂၈ |

ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ခြုံငုံရည်မှန်းချက် - ကောင်းမွန်သော တစ်ကိုယ်ရည် သန့်ရှင်းမှု အလေ့အထများနှင့် သန့်စင်သော ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အ ဆောက်အဦးများကို အညီအမျှ ပုံမှန် လက်လှမ်းမီစေခြင်း (SO1၊ SO2၊ SO3 တို့နှင့်သက်ဆိုင်သည်)

ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆင့်ပွား ရည်မှန်းချက် ၁ - သန့်စင်သော သောက်သုံးရေနှင့် အိမ်သုံးရေ လုံလောက်သော ပမာဏကို လူများ အညီအမျှ စဉ်ဆက်မပြတ် လက်လှမ်းမီစေခြင်း

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
|---|---|---|---|
| သန့်စင်သော သောက်သုံးရေ နှင့် အိမ်သုံးရေ လုံလောက် သော ပမာဏကို အညီအမျှ စဉ်ဆက်မပြတ် လက်လှမ်းမီသူ အရေအတွက် | ၅၃၈,၁၃၆<br>ရခိုင် : ၃၈၅,၇၀၈<br>ကချင်/ရှမ်း : ၁၄၁,၄၂၈<br>ရေဘေး : ၁၁,၀၀၀ | ၆၂၂,၁၉၁<br>ရခိုင် : ၂၄၇,၄၅၇<br>ကချင်/ရှမ်း : ၈၆,၃၀၃<br>ရေဘေး : ၂၈၈,၄၃၁ | ၄၄၂,၁၄၆<br>ရခိုင် : ၃၀၈,၄၁၈<br>ကချင်/ရှမ်း : ၁၂၂,၇၂၈<br>ရေဘေး : ၁၁,၀၀၀ |

ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆင့်ပွား ရည်မှန်းချက် ၂ - လူများ လုံခြုံစိတ်ချရသော တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အညီအမျှ လက်လှမ်းမီ၍ မညစ်ညမ်းသော ပတ်ဝန်းကျင်တွင် နေထိုင်စေရေး

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
| --- | --- | --- | --- |
| ဘေးကင်း လုံခြုံပြီး စဉ်ဆက်မပြတ်သော ပတ်ဝန်းကျင်သန့်ရှင်းရေး အဆောက်အဦးများကို အညီအမျှ လက်လှမ်းမီသူ အရေအတွက် | ၅၃၈,၁၃၆<br>ရခိုင် : ၃၈၅,၇၀၈<br>ကချင်/ရှမ်း : ၁၄၁,၄၂၈<br>ရေဘေး : ၁၁,၀၀၀ | ၃၂၄,၇၆၂<br>ရခိုင် : ၁၉၁,၁၃၅<br>ကချင်/ရှမ်း : ၇၈,၇၂၃<br>ရေဘေး : ၅၄,၉၀၄ | ၄၄၂,၁၄၆<br>ရခိုင် : ၃၀၈,၄၁၈<br>ကချင်/ရှမ်း : ၁၂၂,၇၂၈<br>ရေဘေး : ၁၁,၀၀၀ |

ရေနှင့် တစ်ကိုယ်ရည်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆင့်ပွား ရည်မှန်းချက် ၃ - လူများ အခြေခံ တစ်ကိုယ်ရည်နှင့် ရပ်ရွာ သန့်ရှင်းရေး အလေ့အထများကို မွေးမြူ အသုံးပြုလာခြင်း

| ညွှန်ကိန်း | အကူအညီလိုအပ်သူ | လက်ရှိ အကူအညီပေးထားသူ | ဦးတည်သူ |
| --- | --- | --- | --- |
| အခြေခံ တစ်ကိုယ်ရည်နှင့် ရပ်ရွာ သန့်ရှင်းရေး အလေ့အထများကို မွေးမြူ အသုံးပြုသူ အရေအတွက် | ၅၃၈,၁၃၆<br>ရခိုင် : ၃၈၅,၇၀၈<br>ကချင် : ၁၄၁,၄၂၈<br>ရေဘေး : ၁၁,၀၀၀ | ၃၈၀,၉၄၀<br>ရခိုင် : ၁၀၃,၂၂၂<br>ကချင် : ၅၁,၉၀၇<br>ရေဘေး : ၂၂၅,၈၁၁ | ၄၄၂,၁၄၆<br>ရခိုင် : ၃၀၈,၄၁၈<br>ကချင် : ၁၂၂,၇၂၈<br>ရေဘေး : ၁၁,၀၀၀ |

# စီမံကိန်းဆိုင်ရာ ကိန်းဂဏန်းများ - အကူအညီလိုအပ်သူများနှင့် ဦးတည်ထားသူများ

| | | နေရပ်စွန့်ခွာ တိမ်းရှောင်သူများ[၁] | | နေရပ်မစွန့်ခွာသူများ | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပြည်နယ် | မြို့နယ် | ယာယီစခန်းများ၊ စုပေါင်းနေရာများ (သို့) မိမိအစီအစဉ်ဖြင့် နေထိုင်သူများ | ရပ်ရွာခံ မိသားစုများ | နေရပ်ပြန်သူ များ | ပြန်လည်အခြေချသော IDP များ | ပဋိပက္ခဒဏ် သင့်သူများ | ရပ်ရွာခံ/ ပတ်ဝန်းကျင် | ရေဘေးသင့် သူများ | စုစုပေါင်း |
| ကချင် | ဗန်းမော် | ၇,၃၁၅ | ၁,၄၇၅ | - | - | | | - | - |
| | ချီဖွေ | ၂,၅၃၇ | - | - | - | | | - | - |
| | ဖားကန့် | ၃,၆၆၁ | - | - | - | | | - | - |
| | ခေါင်လန်ဖူ | ၁၇ | - | - | - | | | - | - |
| | မန်ဆီ | ၁၂,၀၆၄ | ၁,၇၇၂ | - | - | | | - | - |
| | မိုးကောင်း | ၁၆၉ | ၂၀၄ | - | - | | | - | - |
| | မိုးညှင်း | ၁၆၇ | ၃၃၇ | - | - | ၇,၅၀၀ | | - | - |
| | မိုးမောက် | ၂၂,၆၇၇ | ၁,၄၆၉ | - | - | | | - | - |
| | မြစ်ကြီးနား | ၆,၉၃၆ | - | - | ၈၆၇ | | | - | - |
| | ပူတာအို | ၄၀၀ | ၁၂၀ | - | - | | | - | - |
| | ရွှေကူ | ၄၈၆ | ၁,၇၂၁ | - | - | | ၂၀,၀၀၀ | - | - |
| | စွန်ဘရာဘွန် | ၁,၂၃၂ | - | - | - | | | - | - |
| | ဝိုင်းမော် | ၂၄,၁၂၈ | - | - | - | | | - | - |
| ရှမ်း | သိန္နီ | ၂၇၃ | ၃၉၂ | - | - | | | - | - |
| | ကွတ်ခိုင် | ၂,၇၈၉ | - | - | - | | | - | - |
| | မန်တုန် | ၃၅၅ | - | - | - | | | - | - |
| | မူဆယ် | ၆၄၈ | ၆၉၀ | - | - | | | - | - |
| | နမ့်ခမ်း | ၁,၈၂၂ | - | - | - | ၇,၅၀၀ | | - | - |
| | နမ့်တူ | ၅၂ | ၅၂၀ | - | - | | | - | - |
| | ကိုးကန့် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) | - | - | ၁၀,၀၀၀ | - | | | - | - |
| ကချင်/ရှမ်း စုစုပေါင်း | | ၈၇,၇၂၈ | ၈,၇၀၀ | ၁၀,၀၀၀ | ၈၆၇ | ၁၅,၀၀၀ | ၂၀,၀၀၀ | | ၁၄၂,၂၉၅ |
| ရခိုင် | ဘူးသီးတောင် | - | - | - | - | ၆၁,၅၅၀ | | - | - |
| | ကျောက်ဖြူ | ၁,၆၀၁ | - | - | - | - | | - | - |
| | ကျောက်တော် | ၁,၁၅၄ | ၅,၄၄၀ | - | - | - | | - | - |
| | မောင်းတော | ၁,၄၀၀ | - | - | - | ၁၁၀,၇၄၀ | | - | - |
| | မင်းပြား | ၇၂ | ၅,၁၁၅ | - | - | - | | - | - |
| | မြောက်ဦး | ၁၉၅ | ၃,၄၉၃ | - | - | - | ၁၀၀,၀၀၀ | - | - |
| | မြေပုံ | ၂,၈၉၉ | - | - | - | - | | - | - |
| | ပေါက်တော | ၁၉,၅၂၄ | - | - | - | - | | - | - |
| | ရမ်းဗြဲ | ၂၆၄ | - | - | - | - | | - | - |
| | ရသေ့တောင် | ၄,၀၅၅ | - | - | - | ၅,၀၀၀ | | - | - |
| | စစ်တွေ | ၉၂,၅၂၉ | ၆,၁၄၆ | - | - | - | | - | - |
| ရခိုင် စုစုပေါင်း | | ၁၂၃,၆၉၃ | ၂၀,၁၉၄ | - | - | ၁၇၇,၂၉၀ | ၁၀၀,၀၀၀ | - | ၄၂၁,၁၇၇ |
| စုစုပေါင်း လူဦးရေ | | ၂၁၁,၄၂၁ | ၂၈,၈၉၄ | ၁၀,၀၀၀ | ၈၆၇ | ၁၉၂,၂၉၀ | ၁၂၀,၀၀၀ | - | ၅၆၃,၄၇၂ |

ရေဘေးသင့် ပြည်သူ (စားနပ်ရိက္ခာအကူအညီ ခြောက်လခန့်လိုအပ်မည်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဧရာဝတီ | - | - | - | - | - | - | ၁၅၄,၄၂၅ | ၁၅၄,၄၂၅ |
| ပဲခူး | - | - | - | - | - | - | ၁၀၀,၇၈၆ | ၁၀၀,၇၈၆ |
| ချင်း[၃] | - | - | - | - | - | - | ၃၅,၀၂၁ | ၃၅,၀၂၁ |
| မကွေး | - | - | - | - | - | - | ၃၈,၁၆၈ | ၃၈,၁၆၈ |
| ရခိုင် | - | - | - | - | - | - | ၅၆,၆၂၁ | ၅၆,၆၂၁ |
| စစ်ကိုင်း[၃] | - | - | - | - | - | - | ၇၄,၃၆၅ | ၇၄,၃၆၅ |
| စုစုပေါင်း လူဦးရေ | | | | | | | ၄၅၉,၃၈၆ | ၄၅၉,၃၈၆ |

[၁] စခန်းစီမံခန့်ခွဲရေးနှင့် ညှိနှိုင်းရေးအစုအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ရရှိသော ကိန်းဂဏန်းဖြစ်သည်။ ယင်း ကိန်းဂဏန်းများတွင် အောက်တိုဘာနှင့် နိုဝင်ဘာ၊ ၂၀၁၅ ခုနှစ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသူ ၆,၀၀၀ ခန့်မပါဝင်ပေ။
[၂] လက်ရှိတွင် ကိုးကန့်သို့ ပြန်လာပြီး WFP ၏ စားနပ်ရိက္ခာထောက်ပံ့မှုကို ရရှိနေသော နေရပ်စွန့်ခွာတိမ်းရှောင်သူများ
[၃] ရေဘေးသင့်သူများစုစုပေါင်းအရေအတွက်တွင် ရေကြီးမှုနှင့် မြေပြိုမှုတို့ကြောင့် ယာယီစခန်းများတွင် နေထိုင်နေရသော နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပါဝင်သည်။

# တုံ့ပြန်ရန် ပျက်ကွက်ပါက မည်သို့ ဖြစ်မည်နည်း

### ဘေးဒဏ်သင့်လွယ်သူများအတွက် စားနပ်ရိက္ခာ မလုံလောက်မှု အန္တရာယ် တိုးလာခြင်း

မြန်မာနိုင်ငံတွင် ရခိုင်နှင့် ရှမ်းရှိ လူ ၃၀၀,၀၀၀ ကျော်နှင့် ရေဘေးသင့်သူ ၄၆၀,၀၀၀ ကျော်တို့ စားနပ်ရိက္ခာမဖူလုံမှုနှင့် ဆက်လက်ရင်ဆိုင်နေရသည်။ အသက်မွေးဝမ်းကျောင်းမှုများကို လက်လှမ်းမမီခြင်း၊ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်းနှင့် လုံခြုံရေးပြဿနာများကြောင့် ဤလူအများအပြားမှာ စားနပ်ရိက္ခာ  အကူအညီနှင့် အခြားအသက်မွေးဝမ်းကျောင်း အထောက်အပံ့များအပေါ် မှီခိုနေရသည်။ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်း အကူအညီမရှိပါက ဘေးဒဏ်သင့်အလွယ်ဆုံး အုပ်စုများအတွက် အာဟာရချို့တဲ့မှုအပါအဝင် ကျန်းမာရေး အန္တရာယ်များရှိနေသည်။ အနုတ်သဘောဆောင်သော ပြဿနာဖြေရှင်းမှုနည်းလမ်းများကို ကျင့်သုံးလာနိုင်သည့် အန္တရာယ်လည်း ရှိနေသည်။

### လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုများမရှိခြင်းကအသက်ဆုံးရှုံးမှုဆီသို့ ဦးတည်သွားနိုင်သည်

ကျန်းမာရေးကဏ္ဍရှိ လူသားချင်းစာနာမှုအဖွဲ့ များ အသက်ကယ်အထောက်အပံ့ ဆက်လက် ပေးအပ်ခြင်းမရှိပါက မြန်မာနိုင်ငံရှိ ရပ်ရွာလူထုများအတွက် အကျိုးဆက်များ ထွက်ပေါ်လာနိုင်ပြီး  လူ ၅၀၀,၀၀၀ ကျော် ဆိုးဝါးသော အန္တရာယ်များကြုံတွေ့နိုင်သည်။ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု မရှိပါက ကလေးသူငယ်များ ကာကွယ်ဆေးဖြင့် တားဆီးနိုင်သော ရောဂါများကူးစက်နိုင်သည့် အန္တရာယ်ရှိသည်။ သာမန်ဖျားနာမှုများကို ကုသပေးခြင်းမရှိပါက ဆိုးဝါးသော ဖျားနာ သေဆုံးမှုများ ဖြစ်လာနိုင်သည်။ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမမီသည့် အမျိုးသမီးများအတွက်လည်း နောက်ထပ်ရောဂါများ ထပ်မံဖြစ်ပွားလာနိုင်ချေ ရှိသည်။

### အရည်အသွေးမီ ပညာရေးကိုကလေးသူငယ်များ ပိုမိုလက်လွတ်သွားပေမည်

လူသားချင်းစာနာမှုအဖွဲ့များ  ပညာရေးဝန်ဆောင်မှုအတွက် အထောက်အပံ့ ပေးအပ်ခြင်းမရှိပါက ပဋိပက္ခ သို့မဟုတ် လူထုအသိုင်းအဝိုင်းကြားတင်းမာမှု ဒဏ်ခံရသူ ကလေးသူငယ် ၁၈၀,၀၀၀ ဦး လုံလောက်သော ပညာရေးကို မရရှိနိုင်တော့ပေ။ ရခိုင်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ ကလေးသူငယ်အများစုမှာ ယာယီစခန်းတွင်း ပညာရေးဝန်ဆောင်မှုများကို ဆက်လက်မှီခိုနေရသည်။ ကချင်/ရှမ်းတို့တွင် ပညာသင်ယူရန်လိုအပ်သော နေရပ်စွန့်ခွာတိမ်းရှောင်သူ ကလေးသူငယ်များမှာ အရေအတွက်တိုးလာနေပြီး အစိုးရထိန်းချုပ်သော နယ်မြေနှင့် ပြင်ပနယ်မြေများတွင် လက်ရှိစာသင်ရာနေရာများအပေါ် ဖိအားတစ်ရပ်ဖြစ်နေသည်။

### မသန့်စင်သော ရေနှင့် ပတ်ဝန်းကျင်တို့က လူထောင်ပေါင်းများစွာကို ရောဂါဖြစ်ပွားစေသည်

လူသားချင်းစာနာမှုအဖွဲ့များ  အထောက်အပံ့ ဆက်လက်ပေးအပ်ခြင်းမရှိပါက လူ ၄၄၀,၀၀၀ ကျော်တို့ သန့်စင်သော ရေ၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် အခြေခံ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို လုံလောက်သော လက်လှမ်းမီမှု ရှိတော့မည်မဟုတ်ပေ။ ရေကြောင့်ဖြစ်သော ကူးစက်တတ်သည့် ရောဂါများ ဖြစ်ပွားလာပေမည်။ လူနေထူထပ်သော ယာယီစခန်းများနှင့် စုပေါင်း မှီခိုရာနေရာများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ ဆိုးဝါးသော နေထိုင်မှုအခြေအနေများက ရောဂါကြောင့် ဖျားနာသေဆုံးမှုအန္တရာယ်ကို ပိုမိုမြင့်မားစေသည်။ ရခိုင်ပြည်နယ်တွင် နှစ်စဉ် နွေရာသီတွင် ရေရှားပါးမှုကြောင့် လူ ၂၀,၀၀၀ ခန့် အန္တရာယ်နှင့် ရင်ဆိုင်ရသည်။

### မှီခိုရာနေရာလုံလောက်မှုမရှိခြင်းကြောင့် မိသားစုများ အန္တရာယ်အစုံကျရောက်နိုင်ချေ ရှိသည်

လူသားချင်းစာနာမှုအဖွဲ့များ  ပေးအပ်သော အထောက်အပံ့နှင့် ကျွမ်းကျင်မှုများ မရှိပါက ကလေးသူငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီး၊ အမျိုးသားများအပါအဝင် ယာယီစခန်းများရှိ နေရပ်စွန့်ခွာသူ ၂၀၀,၀၀၀ ကျော် ဆိုးဝါးသော နေထိုင်မှုအခြေအနေများနှင့် မလိုလားအပ်သော အန္တရာယ်များရင်ဆိုင်ရနိုင်သည်။ လက်ရှိယာယီမှီခိုရာနေရာများစုသည် သက်တမ်းကုန်နေပြီဖြစ်ကာ နေရပ်စွန့်ခွာတိမ်းရှောင်သူအများစုမှာ အဆင့်အတန်းမမီသော မှီခိုရာနေရာများတွင် နေထိုင်လျှက်ရှိသည်။ ယင်းတို့၏ ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို လျှော့ချပေးရန် အရေးပေါ်အကူအညီ လိုအပ်နေသည်။

### အကူအညီအလိုအပ်ဆုံးသူများအတွက် ကာကွယ်စောင့်ရှောက်ရေး အဝန်းအဝိုင်းကျဉ်းမြောင်းသွားခြင်း

နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀၀,၀၀၀ နှင့် အခြားဘေးဒဏ်သင့်သူများ ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေသော လူသားချင်းစာနာမှုအဖွဲ့များ အထောက်အပံ့ ဆက်လက်ပေးအပ်ခြင်းမရှိပါက အများစုမှာ မလိုလားအပ်သော ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ ဆက်လက် ရင်ဆိုင်ရနိုင်ချေရှိသည်။ ကချင်/ရှမ်းတို့တွင် ရှိနေဆဲ ပဋိပက္ခက နေရပ်စွန့်ခွာတိမ်းရှောင်မှု၊ မြေမြှုပ်မိုင်းအန္တရာယ်၊ ကျား/မအခြေပြုအကြမ်းဖက်မှုနှင့် ကလေးသူငယ်အခွင့်အရေးချိုးဖောက်မှုများဆက်လက်ဖြစ်ပွားစေလျှက်ရှိသည်။ ရခိုင်တွင် ကာလရှည် နေရပ်စွန့်ခွာတိမ်းရှောင်မှု၊ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ စာရွက်စာတမ်းအထောက်အထား မလုံလောက်မှုနှင့် ခွဲခြားဆက်ဆံမှုအလေ့အထများက အသက်ရှင်နေထိုင်မှုအပေါ်  ဆက်လက်အကျိုးသက်ရောက်နေပြီး ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များတိုးလာစေသည့် အနုတ်သဘောဆောင်သော ပြဿနာဖြေရှင်းရေး နည်းလမ်းများထွက်ပေါ်လာစေသည်။

ဤစီမံကိန်းကို နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့နှင့် မိတ်ဖက်အဖွဲ့များကိုယ်စား ထုတ်ဝေသည်။ ဤစီမံကိန်းတွင် နိုင်ငံလုံးဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့၏ အရေးအပါဆုံးသော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ အပါအဝင် ပဋိပက္ခအကြောင်း အတူတကွနားလည်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးတွဲ တုံ့ပြန်ရေးစီမံကိန်းကို ဖော်ပြထားသည်

www.unocha.org/Myanmar    www.facebook.com/OCHAMyanmar